# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၄၂)


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်လာနိုင်ရေး ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီရတနာခန်းမ၌ တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❉*


**ယနေ့ ဖတ်စရာ**

အိပ်မက်တွေက ဈေးကြီးတယ် — ဆောင်းပါး စာ ၁၀

အောင်လံကုန်စည်ဒိုင်၌ ပဲသီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိ — စီးပွားရေးသတင်းများ စာ ၁၄

စစ်မှန်သော နိုင်ငံစုံဝါဒကို ကျင့်သုံးရန်၊ အနာဂတ်အတွက် ယုံကြည်မှုနှင့် မျှော်လင့်ချက်များ ခိုင်မာအားကောင်းရန် တရုတ်ဝန်ကြီးချုပ် တောင်းဆို — နိုင်ငံတကာသတင်း စာ ၁၃




# ဒေသနှင့်ဒေသခံများ အကျိုးအတွက် ဒီမိုကရေစီနည်းလမ်းဖြင့် ဆောင်ရွက်

ဒေသတည်ငြိမ်အေးချမ်းမှုသည် ဒေသတွင်းနေပြည်သူများ အလိုလားဆုံးသော အခြေအနေတစ်ရပ်ပင်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းမှသာလျှင် ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်။ ဒေသတည်ငြိမ်အေးချမ်းမှသာလျှင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်သည်။ ဒေသများနည်းတူ နိုင်ငံသည်လည်း တည်ငြိမ်အေးချမ်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့် မရှေးမနှောင်းမှာပင် လက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့ရာ မျက်မှောက်ကာလရောက်ရှိသည်အထိ နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခတို့ ကင်းပြတ်သည်ဟူ၍မရှိ။ လက်နက်စွဲကိုင်တိုက်ခိုက်ခြင်းဟူသည် သဘောသဘာဝကိုယ်နှိုက်က ဖျက်ဆီးခြင်းပင်ဖြစ်ရာ လက်နက်ကိုင်ပဋိပက္ခတို့ ဖြစ်ပွားရာ နေရာဒေသတို့မှာ တည်ဆောက်မှုများ လုပ်ကိုင်၍မရ။ ဖွံ့ဖြိုးတိုးတက်မှုများအစား အပျက်အစီးများနှင့် အနိဋ္ဌာရုံများကသာလျှင် နေရာယူထားကြသည်။ ဒေသခံပြည်သူများမှာ လယ်ယာကျွဲနွားများနှင့် စီးပွားအလုပ်အကိုင်တို့ကိုပစ်ကာ အသက်ဘေးမှလွတ်အောင် ဒေသကို စွန့်ခွာကြရသည်။ ယာယီနေရာများတွင် ခိုလှုံနေထိုင်၍ အထောက်အပံ့ခံဘဝဖြင့် နေထိုင်ကြရသည်။ ကလေးများနှင့် လူငယ်များအနေဖြင့်လည်း ပညာသင်ကြားခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးကြရပြီး အနာဂတ်ပျောက်ဆုံးကြရသည်။ သို့ဖြစ်ရာ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဒေသခံပြည်သူများက လွန်စွာလိုလားကြသည်။

"ဒေသတွင်းရှိ ပြည်သူလူထုမှအစပြု၍ အုပ်ချုပ်သူများအထိ တစ်သမတ်တည်းသော တူညီသည့်သဘောထားရှိရန်လိုပြီး မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များကို အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ဒေသခံများ၏ အကျိုးစီးပွားအတွက် လိုလားချက်နှင့် တောင်းဆိုချက်များကို ဒီမိုကရေစီနည်းလမ်းဖြင့်သာ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ပေးထားသည့် လမ်း၊ တံတား၊ အဆောက်အဦများ ဖောက်ခွဲဖျက်ဆီးခြင်း၊ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းနိုင်ရေးကို အနှောင့်အယှက်များဖြစ်ပေါ်စေခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကြောင့်ဒေသကိုထိခိုက်နစ်နာစေကြောင်း" နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားခဲ့သည်။

ယခုအခါ မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိရာ ဒေသအကျိုး၊ ဒေသခံပြည်သူများ၏အကျိုးအတွက် လိုလားချက်၊ တောင်းဆိုချက်များကို ဒီမိုကရေစီနည်းလမ်းဖြင့် ဆောင်ရွက်ရန် အခွင့်အလမ်းများရှိနေပြီဖြစ်သည်။ လက်နက်ကိုင်ပဋိပက္ခနည်းလမ်းကို ရှောင်ရှားခြင်းဖြင့် သေကျေပျက်စီးဆုံးရှုံးခြင်း အနိဋ္ဌာရုံများ ကင်းဝေးစေကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစူးစိုက်ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းမှု ခိုင်မြဲသည်နှင့်အမျှ အရှိန်အဟုန်နှင့် ဖော်ဆောင်ကာ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို ရယူနိုင်ကြမှာဖြစ်သည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို တည်ဆောက်၍ ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုနှင့်အတူ ဒေသတွင်းအဖွဲ့အစည်းများကပါ ဝိုင်းဝန်းကြိုးပမ်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးဆောင်ကြဉ်းနိုင်ကြပါစေကြောင်း။ ။



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၀

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

## ဦးတင်မောင်ဆွေအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် စက်တင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်မောင်ဆွေ အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတက်ရောက်




နေပြည်တော် စက်တင်ဘာ ၁၀

ဥတ္တရသီရိမြို့နယ်ရှိ ဖောင်းလောင်ရေလှောင်တမံ၏ ရေဝေရေလဲ ဧရိယာအတွင်း၌ ယမန်နေ့ နံနက်ပိုင်းက ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများ၊ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ တက်ရောက်ကြသည်။

### စိုက်ပျိုးပေး

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် မန်ကျည်းရွာပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်တို့က သတ်မှတ်နေရာများတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။

ယင်းနောက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်/ကျေးရွာများမှ ပြည်သူများက သတ်မှတ်နေရာများအလိုက် မန်ကျည်းရွာ၊ ကုက္ကို၊ မဲဇလီစသည့် သစ်မျိုး သုံးမျိုး၊ စုစုပေါင်းအပင် ၁၀၀၀ ကို စိုက်ပျိုးကြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သံဖြူရေလှောင်တမံ ရေဝေရေလဲဧရိယာများအတွင်း၌ မန်ကျည်းရွာ၊ ကုက္ကို၊ မဲဇလီစသည့် သစ်မျိုးသုံးမျိုး၊ စုစုပေါင်း အပင် ၄၀၀ နှင့် ခေါင်းမငယ်ရေလှောင်တမံ၏ ရေဝေရေလဲဧရိယာများအတွင်း၌ စုစုပေါင်း အပင် ၁၀၀၀ တို့ကို တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက စိုက်ပျိုးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဖောင်းလောင် ရေလှောင်တမံသို့ ရောက်ရှိပြီး စိုက်ပျိုးရေကို လေလွင့်မှုမရှိစေရေးနှင့် စိုက်ပျိုးဧကပိုမိုစိုက်ပျိုးနိုင်ရေးကို အလေးထား ဆောင်ရွက်စေလိုကြောင်း၊ တမံရေဝေရေလဲ ဧရိယာများတွင် စိမ်းစို၊ ကြီးမြန်သစ်ပင်များ စိုက်ပျိုးရန်လိုအပ်ကြောင်း မှာကြားသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၂၁၆ ရှိ နေပြည်တော် နို့စားနွားမွေးမြူရေးခြံနှင့် နို့ပေါင်းစက်ရုံ နို့စားနွားမွေးမြူရေးခြံအတွင်း တိရစ္ဆာန်အစားအစာအဖြစ် ပြောင်းချဉ်ဖတ်ပြုလုပ်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ငလိုက်ရေလောင်တမံသို့ ရောက်ရှိပြီး တမံရေဝေရေလဲ ဧရိယာများတွင် စိမ်းစို၊ ကြီးမြန်သစ်ပင်များ စိုက်ပျိုးရန် လိုအပ်ကြောင်း မှာကြားသည်။

### အများပြည်သူလေ့လာနိုင်ရေး

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဥတ္တရသီရိမြို့နယ် မောင်းရမ်းကျေးရွာအုပ်စု ဝက်စုကျေးရွာရှိ ဦးကျော်ကျော်၏ "အဂ္ဂဂေဟာ" ကျွန်းနက် ဗုဒ္ဓရုပ်ပွားတော် မြန်မာမှုပန်းပုနှင့် နိဗ္ဗာန်ကုန်လုပ်ငန်းသို့ ရောက်ရှိပြီး ကျွန်းနက် ဗုဒ္ဓရုပ်ပွားတော် လက်တွေ့ထုဆစ်နေမှုကို ကြည့်ရှုအားပေးကာ အများပြည်သူများ လာရောက်လေ့လာနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၅၂၄ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် စက်တင်ဘာ ၁၀


စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင်ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၁၁ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၅၂၄ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဓမ္မလက်ဆောင်အဖြစ်နှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

**○ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်ကို လုံခြုံရေးအရ အင်အားဖြည့်ပေးနေသည့် အင်အားစုတစ်ရပ်ပင်ဖြစ်ပြီး နိုင်ငံချစ်စိတ်ဖြင့် နယ်မြေတည်ငြိမ်အေးချမ်းအောင် တာဝန်သိစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်**

**○ မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့၏ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်နေသည့်အဖွဲ့များဖြစ်သည့်အတွက် လေးစားအသိအမှတ်ပြု**

*❈ ရှေ့ဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ နယ်ခြားစောင့်တပ်ဖွဲ့ ကြီးကြပ်ရေးခေါင်းဆောင် ဗိုလ်မှူးကြီး ဝေဆန်း (အငြိမ်းစား)၊ နမ့်ခမ်းမြို့မ ပြည်သူ့စစ်ခေါင်းဆောင် ဦးအိုက်ဆမ်၊ ပန်ဆေးပြည်သူ့စစ်ခေါင်းဆောင် ဦးကျော်မြင့်၊ မန်ပန် ပြည်သူ့စစ်ခေါင်းဆောင် ဦးစိုင်းမွန်း၊ စိန်ကြော့ ပြည်သူ့စစ်ခေါင်းဆောင် ဦးလွယ်မောင်၊ မုံးစီးပြည်သူ့စစ်ခေါင်းဆောင် ဦးစိုင်းမွန်းနှင့် ထင်ပါကျိုင်း ပြည်သူ့စစ်ခေါင်းဆောင် ဦးခင်မောင်လွင်တို့ တက်ရောက်ကြသည်။

### ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွဝိုင်းဝန်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသည် အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ထိစပ်လျက်ရှိပြီး ပို့ကုန်၊ သွင်းကုန်များကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ကုန်သွယ်ရေးဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံရေး၊ စီးပွားရေးအရ အရေးကြီးသော ဒေသဖြစ်ကြောင်း၊ ဒေသတွင်းထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့များများတင်ပို့နိုင်ရန်အတွက် ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန်နှင့် အရည်အသွေးမြင့် ထုတ်ကုန်ပစ္စည်းများ ဖြစ်ရန်လိုကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေလိုပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်းရှိ ပြည်သူများသည် ငြိမ်းချမ်းစွာ နေထိုင်လုပ်ကိုင်လိုသည့်စိတ်ရှိကြကြောင်း၊ ထို့ကြောင့် မိမိတို့နယ်မြေအလိုက် ဒေသခံပြည်သူများကို မိမိတို့နှင့် တစ်သားတည်းဖြစ်အောင် လုပ်ဆောင်ကြရန်လိုပြီး ငြိမ်းချမ်းလိုသောစိတ်အရင်းခံဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ၌ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၌ ယခင်က တရုတ်ဖြူ (ကူမင်တန်) ကျူးကျော်မှုများရှိခဲ့ပြီး ၎င်းတို့ပြန်လည်ဆုတ်ခွာချိန်တွင် လက်နက်ကိုင်သောင်းကျန်းမှုများ ကျန်ရှိနေခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဗမာပြည် ကွန်မြူနစ်ပါတီ (ဗကပ) များမှဖြစ်ပေါ်ခဲ့သည့် လက်နက်ကိုင်ဆောင်သည့် ပြဿနာများသည် ယခုအချိန်အထိ ကျန်ရှိနေသေးကြောင်း။

**ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်ကိုလုံခြုံရေးအရအင်အားဖြည့်ပေးနေသည့်အင်အားစုတစ်ရပ်ပင်ဖြစ်ပြီး နိုင်ငံချစ်စိတ်ဖြင့် နယ်မြေတည်ငြိမ်အေးချမ်းအောင် တာဝန်သိစိတ်ဖြင့် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ မိမိတို့၏ သဘောဆန္ဒအလျောက် မိမိတို့၏ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေး ဆောင်ရွက်နေသည့်အဖွဲ့များဖြစ်သည့်အတွက် လေးစားအသိအမှတ်ပြု**ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရခြင်းကို ကြည့်မည်ဆိုပါက နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ စသည်တို့ကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

### မိမိတို့၏လိုလားချက်များနှင့် အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တင်ပြတောင်းဆို

နိုင်ငံရေးအရ သဘောထားကွဲလွဲမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း နိုင်ငံရေးအယူဝါဒများနှင့်ပတ်သက်ပြီး ခေတ်အဆက်ဆက် သဘောထားကွဲလွဲမှုများရှိခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် နိုင်ငံရေးအယူဝါဒနှင့် ပတ်သက်၍ ဖြေလျှော့လာခဲ့ကြောင်း၊ တိုင်းရင်းသားရေးအရ ဖြစ်ပေါ်လာသည့် လက်နက်ကိုင်ပဋိပက္ခများသည် နယ်ချဲ့များထားရှိခဲ့သည့် ဆိုးမွေတစ်ခုဟု ပြောနိုင်ကြောင်း၊ တိုင်းရင်းသားရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့နှင့်ပတ်သက်၍ ခွဲဝေပေးထားပြီးဖြစ်သဖြင့် တိုင်းရင်းသားရေးနှင့် ပတ်သက်၍ခွဲခြားမှုမရှိသည်ကို တွေ့မြင်နိုင်ကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပြီးဖြစ်သကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင်လည်း အတိအကျပြဋ္ဌာန်းထားရှိပြီးဖြစ်သဖြင့် ဘာသာရေးကို အကြောင်းပြု၍ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့် လွှတ်တော်လမ်းကြောင်းပေါ်သို့ အားလုံးပါဝင်ရောက်ရှိလာရန်နှင့် မိမိတို့၏ လိုလားချက်များနှင့် အခွင့်အရေးများကို တရားဥပဒေနှင့်အညီ တင်ပြတောင်းဆိုကြရန်လိုကြောင်း။

### ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်သည်သာလျှင် အသင့်တော်ဆုံးဖြစ်

ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေးဆောင်ရွက်ရာတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ **ဖက်ဒရယ်စနစ်တွင် တိုင်းရင်းသားကို အခြေခံသည့် ဖက်ဒရယ်နှင့် ဒေသကို အခြေခံသည့် ဖက်ဒရယ်ဟူ၍ရှိပြီး ကမ္ဘာ့နိုင်ငံအများစုတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည်ကို တွေ့ရှိရ**ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်သည်သာလျှင် အသင့်တော်ဆုံးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းရင်းသားတို့၏အရေးကိုသာ တောင်းဆိုလျက်ရှိပြီး ဒေသအရေးကို တောင်းဆိုမှုအားနည်းကြောင်း၊ လူတစ်စုကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများဖြစ်၍ မရဘဲ ဒေသကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများဖြစ်ရန် လိုကြောင်း၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အပေါ်တွင်သာ ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်လာနိုင်ရေး ဝိုင်းဝန်းတိုက်တွန်းဆောင်ရွက်ကြရန်လို**ကြောင်း။

### မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေကို လိုက်နာရန်နှင့် တန်ဖိုးထားရန်လို

ယနေ့ တွေ့ဆုံမှုသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးနိုင်ရန်ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်မှုမှာ နှစ်နှစ်ကျော်ကာလသို့ ရောက်ရှိပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လူပုဂ္ဂိုလ်ဦးစားပေး၍ ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံအတွက် မဖြစ်သင့်သည့် ကိစ္စရပ်များဖြစ်ပေါ်ခဲ့ကြောင်း၊ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းတွင် နိုင်ငံ၏အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာများတွင် ပြည်ပနိုင်ငံများ၏ အကြံဉာဏ်များကိုခံယူ၍ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပနိုင်ငံများ၏ ဩဇာအောက်သို့ မသိမသာရောက်ရှိနေခြင်းသည် တစ်နည်းအားဖြင့် မိမိတို့နိုင်ငံ၏လွတ်လပ်ရေးကို ဆုံးရှုံးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ သဟဇာတဖြစ်နေရန် လိုအပ်သော်လည်း ဩဇာခံဖြစ်၍ မရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုကာ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းလျက်ရှိကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများနှင့်လည်း သဟဇာတဖြစ်သည့် ဆက်ဆံမှုရှိရန်လိုပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ ဥပဒေများကို လေးစားရန်လိုသကဲ့သို့ မိမိတို့နိုင်ငံ၏ တည်ဆဲဥပဒေကို လိုက်နာရန်နှင့် တန်ဖိုးထားရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*

စာမျက်နှာ ၃ မှ

### ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်

ဒေသတွင်းရှိ ပြည်သူလူထုမှအစပြု၍ အုပ်ချုပ်သူများအထိ တစ်သမတ်တည်းသော တူညီသည့်သဘောထားရှိရန်လိုပြီး မိမိတို့ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည်များကို အတူတကွ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့် ဒေသခံများ၏ အကျိုးစီးပွားအတွက် လိုလားချက်နှင့် တောင်းဆိုချက်များကို ဒီမိုကရေစီနည်းလမ်းဖြင့်သာ ဆောင်ရွက်သွားရန်လိုကြောင်း၊ **ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးထားသည့် လမ်း၊ တံတား၊ အဆောက်အဦများ ဖောက်ခွဲဖျက်ဆီးခြင်း၊ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းနိုင်ရေးကို အနှောင့်အယှက်များဖြစ်ပေါ်စေခြင်း စသည့်အဖျက်အမှောင့်လုပ်ရပ်များကြောင့် ဒေသကိုထိခိုက်နစ်နာစေ**ကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကြောင့် ပဋိပက္ခများဖြစ်ပေါ်နေသည့် ဒေသရှိပြည်သူများ၏ ပညာသင်ကြားရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေလျက်ရှိကြောင်း၊ **တည်ငြိမ်အေးချမ်းမှုရှိသည့် နယ်မြေနှင့် တည်ငြိမ်အေးချမ်းမှုမရှိသည့် နယ်မြေတို့ နှိုင်းယှဉ်ပါက တည်ငြိမ်အေးချမ်းမှုမရှိသည့်နယ်မြေတွင် ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ များစွာကွာဟသွားသည်ကို တွေ့ရ**ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးကို အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့ နယ်မြေအလိုက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပြီး တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် မဲစာရင်းများကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခါ လူဦးရေစာရင်းများ ကြိုတင်ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **“ရှေ့သို့ ချီမည် ပန်းတိုင်ဆီ”(Keep Moving Forward to Achieve Our Goal) ဟူသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သည့် နိုင်ငံတော်နှင့် လူမှုစီးပွားဘဝကို တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ကြောင်း။

### ◆ ဖက်ဒရယ်စနစ်တွင် တိုင်းရင်းသားကို အခြေခံသည့် ဖက်ဒရယ်နှင့်ဒေသကို အခြေခံသည့် ဖက်ဒရယ်ဟူ၍ ရှိပြီး ကမ္ဘာ့နိုင်ငံအများစုတွင် ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည်ကို တွေ့ရှိရ

### လားရှိုးလေယာဉ်ကွင်းကို ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်များထုတ်လုပ်ရာတွင် ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကိုအသုံးချ၍ စက်မှုထုတ်ကုန်များကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ဒေသတွင်း၌ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဒေသအတွင်းရှိ ပြည်သူများအနေဖြင့် ဦးစားပေးဆောင်ရွက်ကြစေလိုပြီး ထိုသို့ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏အကျိုးကို ရေရှည်မျှော်တွေး၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး လားရှိုးလေယာဉ်ကွင်းကို ဂျက်လေယာဉ်များ ဆင်းသက်နိုင်သည်အထိ အဆင့်မြှင့်တင်တိုးချဲ့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့စေရေးနှင့် လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာစေရေးအတွက် မီးရထားလမ်းများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကားလမ်းများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသတွင်းမှထွက်ရှိသည့် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် ကုန်ကြမ်းပစ္စည်းများအဖြစ် အသုံးပြုခြင်းထက် တန်ဖိုးမြှင့်ကုန်ချောထုတ်ကုန်များကို ထုတ်လုပ်ရောင်းချနိုင်ရန်လိုကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် ကော်ဖီ၊ လက်ဖက်၊ ပြောင်း၊ နေကြာများကို များစွာစိုက်ပျိုးကြပြီး အဆိုပါထွက်ကုန်များဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ကြောင်း၊ အလားတူ စားရေးအတွက် လိုအပ်သည့် မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်ကြောင်း၊ ထို့ကြောင့် လားရှိုးဒေသတွင် စက်မှုဇုန်နှင့် မွေးမြူရေးဇုန်တည်ထောင်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

### နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

**ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်သူလူထုတို့နှင့် အတူတကွ လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လို**ကြောင်း၊ ဒေသနှင့် ဒေသခံများ၏ အကျိုး၊ နိုင်ငံတော်အကျိုးကိုကြည့်၍ မိမိတို့ တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်သည်များ နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူ့စစ်ခေါင်းဆောင်များက ဒေသတွင်း၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် အချို့ဒေသခံများအနေဖြင့် ဒေသစွန့်ခွာတိမ်းရှောင်နေရမှုများ၊ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ ပံ့ပိုးကူညီပေးစေလိုမှု၊ ဒေသထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် လွယ်ကူချောမွေ့စေရေး ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေအလိုက် ပြည်သူ့စစ်ဌာနေ တပ်ဖွဲ့ဝင်များနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မုန်းဝန်းဗမာတိုင်းရင်းသားများ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် တပ်မတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးရေးသီးနှံများနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိမှုနှင့် လိုအပ်သည်များကို ဆက်လက်ကူညီဆောင်ရွက်ပေးစေလိုမှုတို့နှင့် ပတ်သက်၍ တင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဓမ္မလက်ဆောင်အဖြစ်နှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ အသီးသီး လက်ခံရယူခဲ့ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ငူ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ်တွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် ကျွန်းကုန်းကျေးရွာ အုပ်စုအတွင်း ယခင် တစ်သီးသာ စိုက်ပျိုးခဲ့သည့် သဲဆန်လယ်မြေများကို တစ်နှစ်နှစ်သီးမှ သုံးသီးအထိ သီးထပ်စွမ်းအား တိုးတက်စိုက်ပျိုးနိုင်ရေး ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ပြီး ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် အထွက်တိုး မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ဆောင်းသီးနှံ စိုက်ပျိုးနိုင်ရေးနှင့် နွေစပါး စိုက်ပျိုးရေးအတွက် လိုအပ်သည့် ချောင်းဖြူချောင်းကို တမံပိတ်နိုင်ရေး ရေပေးမြောင်း ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ ဘုရင့်နောင်ဈေး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် နေ့စဉ် ဖွင့်လှစ်ရောင်းချလျက်ရှိသော ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ၏ တိုက်ရိုက်အရောင်းဆိုင်များ ဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံပြည်သူများအတွက် သက်သာသော သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချနိုင်ရေး စိစစ်ကြပ်မတ်ရန်၊ ဈေးအတွင်း အမှိုက်များ စနစ်တကျ သိမ်းဆည်းရန်နှင့် စားသုံးကုန်များ သန့်ရှင်းလတ်ဆတ်မှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ၂၀၁၄ ခုနှစ်တွင် တောင်ငူမြို့ မြို့မဈေးမီးလောင်သည့် မြေနေရာကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး နစ်နာခဲ့ရသည့် ဈေးသူဈေးသား အများစုလက်ခံနိုင်သည့် ပုံစံအတိုင်း ပြန်လည်တည်ဆောက်နိုင်ရေး တွက်ချက်တင်ပြရန်၊ ဈေးအတွင်း အရေးပေါ်ကားများ ဝင်/ထွက်နိုင်ရေး သတ်မှတ်လမ်းအကျယ်အတိုင်း တည်ဆောက်ရန်၊ ဈေးရုံများအလိုက် အရေးပေါ်မီးငြိမ်းသတ်နိုင်ရေး မီးသတ်ရေငုတ်များ၊ ရေစင်များ၊ မြေအောက်ရေ သိုလှောင်ကန်များ တည်ဆောက်သွားရန်နှင့် ရေးစီးရေလာ ကောင်းမွန်စေရေး ရေထုတ်မြောင်းများ တစ်ပါတည်း ထည့်သွင်းရန် မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ လဲဘူးကျေးရွာ၌ ဦးရဲဝင်း၏ ဥစားကြက် ၂၅၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူမြို့ ဆင်ဆိပ်ကျေးရွာအုပ်စု ခပေါင်းတိန်ကျေးရွာရှိ Nilar Frozen Food Co., Ltd နှင့် ဒေသခံတောင်သူများ အကျိုးတူ ဂျပန်ရုံးပတီသီး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများအတွက် ယာမြေ တစ်ကေလျှင် သိန်း ၂၀ ကျော် အကျိုးအမြတ်ရှိသည့် လုပ်ငန်းဖြစ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ရန်နှင့် သီးနှံအလိုက် တန်ဖိုးမြှင့်စိုက်ပျိုးရေးဇုန်တစ်ခုအဖြစ် တိုးချဲ့ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ဘူးသီးတောင် စက်တင်ဘာ ၁၀**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက်က အ.ထ.က လက်ဝဲဒက်ပုဇွန်ချောင်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးအောင်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်မစိန်နုက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးစီးအရာရှိ ဒေါ်အေးအေးအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အ.ထ.က လက်ဝဲဒက်ပုဇွန်ချောင်းကျောင်းမှ Grade-12ကျောင်းသားကျောင်းသူများက “လူငယ်နှင့် မူးယစ်ဆေးဝါး”၊ “လူငယ်နှင့် ကျန်းမာရေး”၊ “လူငယ်နှင့် ယဉ်ကျေးမှု”၊ “လူငယ်နှင့် ပညာရေး”ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကာ တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။ စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာအုပ်စာစောင်ပြပွဲကို ပြုလုပ်ခဲ့ရာ တက်ရောက်လာကြသူများနှင့် ကျောင်းသားကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

**လှကျော်(ပြန်/ဆက်)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုး မွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးက ကုန်းမြင့်(၁) စိုက်ပျိုးမွေးမြူရေးစခန်း၌ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ နေကြာ၊ နေဗီယာမြက်၊ မုံပါးစားမြက်နှင့် တစ်သျှူးငှက်ပျောတို့ကို စိုက်ပျိုးထားရှိမှု၊ ရာသီသီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ ဖရီရှန်နို့စားနွား၊ ဘရာမင် အသားစားနွား၊ ဒေသနွား (နွားပြာစိမ်း)၊ ဆိတ်၊ DYL ဝက်နှင့် ငါး၊ ဥစားကြက်နှင့် အသားစားကြက်များ မွေးမြူ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် အသား၊ ငါး၊ နို့နှင့် ဥများကို တပ်မတော်သားမိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိမှု၊ တိုင်းစစ်ဌာနချုပ် တိရစ္ဆာန်အစာစပ်လုပ်ငန်းမှ ကြက်စာနှင့် ဝက်စာများထုတ်လုပ်လျက်ရှိမှုနှင့် ပိုလျှံသည်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်း၌ နို့စားနွား၊ အသားစားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စနစ်တကျဖြင့် ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိုးစပါးစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို စိုက်ပျိုးရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဧကချင်းအထွက်နှုန်းများ တိုးတက်စေရေး အခြေခံအချက်များဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း စသည်များကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို တပ်ရင်းတပ်ဖွဲ့များနှင့် ပိုလျှံပါက ဒေသအတွင်း၌ပါ စိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးရန်လိုကြောင်း၊ နေကြာစိုက်ပျိုးမှုကိုလည်း စနစ်တကျစိုက်ပျိုး၍ အထွက်နှုန်းများ ယခုထက် တိုးတက်အောင် ဆောင်ရွက်ရန်လိုပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် စံပြအဖြစ်

*စာမျက်နှာ ၆ သို့*

> ❖ မွေးမြူရေးနှင့်ပတ်သက်၍ နို့စားနွား၊ အသားစားနွား၊ ဒေသနွား၊ DYL ဝက်၊ ဥစားကြက်၊ အသားစားကြက်နှင့် ငါးများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူရန်လို
>
> ❖ ထွက်ရှိလာသည့်အသား၊ ငါးနှင့် ဥများကို တပ်မတော်သားမိသားစုဝင်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသကဲ့သို့ ပိုလျှံသည့် အသား၊ ငါးနှင့်ဥများကို ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုကို ရောင်းချပေးခြင်းဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုကို အထိုက်အလျောက် လျှော့ချနိုင်မည်

> "စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တစ်ဧကချင်း အထွက်နှုန်းများ တိုးတက်စေရေး အခြေခံအချက်များဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း စသည်များကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် စပါးမျိုးများကို တပ်ရင်းတပ်ဖွဲ့များနှင့် ပိုလျှံပါက ဒေသအတွင်း၌ပါ စိုက်ပျိုးနိုင်ရေး ဖြန့်ဝေပေးရန်လို"

စာမျက်နှာ ၅ မှ

အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ တစ်သျှူးငှက်ပျောများကို တပ်ရင်းတပ်ဖွဲ့များ၌သာမက ဒေသဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများပါ စိုက်ပျိုးနိုင်ရန်အတွက် တစ်သျှူးငှက်ပျောမျိုးများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချဆောင်ရွက်ပေးရန်လိုကြောင်း။

**စံပြဖြစ်အောင်ဆောင်ရွက်**

မွေးမြူရေးနှင့် ပတ်သက်၍ နို့စားနွား၊ အသားစားနွား၊ ဒေသနွား၊ DYL ဝက်၊ ဥစားကြက်၊ အသားစားကြက်နှင့် ငါးများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် မွေးမြူရန်လိုကြောင်း၊ ထွက်ရှိလာသည့်အသား၊ ငါးနှင့် ဥများကို တပ်မတော်သားမိသားစုဝင်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသကဲ့သို့ ပိုလျှံသည့်အသား၊ ငါးနှင့် ဥများကို ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူလူထုကို ရောင်းချပေးခြင်းဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုကို အထိုက်အလျောက်လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ တိုင်းစစ်ဌာနချုပ် အစာစပ်လုပ်ငန်းများမှ ထွက်ရှိသည့် တိရစ္ဆာန်အစာများကိုလည်း ပိုလျှံမှုများရှိပါက ဒေသခံမွေးမြူရေး လုပ်ငန်းများသို့ ရောင်းချပေးရန်လိုကြောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ ဒေသတွင်း၌ စံပြဖြစ်အောင် ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်း၌ DYL ဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**မွေးမြူထားရှိမှုကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နို့စားနွား၊ အသားစားနွားနှင့် ဒေသနွားများ မွေးမြူထားရှိမှု၊ DYL ဝက်များ မွေးမြူထားရှိမှုနှင့် တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၀

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကမွေးမြူရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့ ကျောက်ဖြူကုန်းကျေးရွာအုပ်စု မွေးမြူရေးတောင်သူ ဦးမျိုးသန့်နှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ဂျိတ်နီ၊ ထိန်စန်းဆိတ်မျိုးများနှင့် သိုးမွေးမြူထားရှိမှုများကို ကြည့်ရှုအားပေးပြီး ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မွေးမြူရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းများနှင့် မွေးမြူရေးအခြေခံ တန်ဖိုးမြင့်ကုန်ချောများ တိုးတက်လုပ်ကိုင်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကန်ဦးကျေးရွာအနီး မွေးမြူရေးဇုန် အကောင်အထည်ဖော် ဆောင်ရွက်မည့် လျာထားမြေနေရာကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မွေးမြူရေး အသုံးချသုတေသနနှင့် မျိုးထိန်းမျိုးပွားခြံတွင် မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ မွေးမြူရေးဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အလားအလာကောင်းသည့် မန္တလေးတိုင်းဒေသကြီးအတွင်း သိုး၊ ဆိတ်၊ နို့စားနွား၊ ဝက်မွေးမြူရေး၊ ဥစားကြက်၊ အသားစားကြက်မွေးမြူရေးလုပ်ငန်းများကို ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် GAHP- ဂျီအေအိပ်ပီနှင့်အညီ မွေးမြူထုတ်လုပ်မှု အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝမ်းတွင်းမြို့နယ် ရာသချိုကျေးရွာအုပ်စု ကျားသေကန်ကျေးရွာ မွေးမြူရေးတောင်သူ ဦးမြင့်ခိုင်၏ အသားတိုးကြက် မွေးမြူရေးခြံနှင့် ခေတ်တောက်ထွန်း ကုမ္ပဏီလီမိတက် မွေးမြူရေးအစာစပ်စက်ရုံတို့ကို ကြည့်ရှုအားပေး၍ ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန စွန်ရဲအင်း စိုက်ကွင်းသို့ရောက်ရှိပြီး စွန်ရဲအင်းဒေသ မွေးမြူရေးဇုန် တည်ထောင်မည့်



မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာ Fun Hwa Group နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားများ မွေးမြူထားရှိမှုနှင့် ဒိန်ချဉ်၊ နို့အေး စက်ရုံကိုလည်းကောင်း၊ အမရပူရမြို့နယ် မြစ်ငယ် (စက်ကွေ့) ရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် မြေနေရာကို ပုဂ္ဂလိကကုမ္ပဏီက ငှားရမ်းအသုံးပြုထားသော ယာယီသိုလှောင်ရုံနှင့် မျိုးစပါးထုတ်လုပ်မှုလုပ်ငန်း ၊ ဂျစ်ပဆန် ကျောက်မှုန့်မြေဩဇာ ထုတ်လုပ်မှုလုပ်ငန်းများ ကိုလည်းကောင်း၊ အမရပူရမြို့နယ် နတ်ရေကန်ငါးလုပ်ငန်းစခန်း၏ ငါးမွေးမြူရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ငါးမျိုးသားဖောက်ခြင်း၊ ပြုစုခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဥပဒေရေးရာဝန်ကြီးဌာန၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ ပဲခူး၌ကျင်းပ

**ပဲခူး စက်တင်ဘာ ၁၀**

ဥပဒေရေးရာ ဝန်ကြီးဌာန၏ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ ကျင်းပရာ နှစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းကို ဖွင့်လှစ်ပြသသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်လွင်က တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများကို ထပ်ဆင့်ရှင်းလင်းရာ တက်ရောက်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ယခု ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ပဲခူး၊ တောင်ငူ၊ ညောင်လေးပင်ခရိုင်နှင့် ခရိုင်အတွင်းရှိ ဥပဒေအရာရှိ ၄၉ ဦး တက်ရောက်ကြောင်း သိရသည်။ **ကိုတွတ်(ပြန်/ဆက်)**

# ရွှေတောင်မြို့နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ကွင်းဆင်းလေ့လာ

**ရွှေတောင် စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၉ ရက် နံနက်က ကျောင်းတွင်း ဘာသာရပ်များ သင်ကြားမှုအပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ပတ်သက်သည့် ကျောင်းပြင်ပ ကွင်းဆင်း လေ့လာရေးခရီးကို ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းလေ့လာရေး ခရီးပို့ဆောင်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ပံ့ပိုးကူညီမှုဖြင့် ရွှေတောင်မြို့နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၉ ဦးတို့အား ရွှေတောင်မြို့နယ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်း ဦးဆောင်၍ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များက မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးတူး၏ စီးပွားဖြစ် နို့စားနွား မွေးမြူထားရှိမှုနှင့် တောင်သူ ဒေါ်သောင်းရီ စိုက်ပျိုးထားသော မျိုး ရှစ်မျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ကွက်ကို လည်းကောင်း၊ မယားမန်ကျေးရွာရှိ တောင်သူ ဦးခင်မြင့်၏ ရတနာ့တိုး (RS-CS) မျိုးစေ့ထုတ်စိုက်ခင်းကိုလည်းကောင်း၊ လေးထောင့်ကန်ကျေးရွာရှိမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ဝင်းစံပယ်၏ အသားတိုးကြက်ခြံတို့ကို လည်းကောင်း ကွင်းဆင်းလေ့လာကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အား သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်က ဓမ္မလက်ဆောင်များ ပေးအပ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီး အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာ ဘဒ္ဒန္တ ပုညနန္ဒ အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ပုံစံတူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ စာသင်သား သံဃာတော်များနှင့် သာမဏေများအား နေ့ဆွမ်းလောင်းလှူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ လုမ္ဗိနီအင်ကြင်းပင်ကို အမှတ်တရ စိုက်ပျိုးပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သီရိမင်္ဂလာဓမ္မရတနာသုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ လုမ္ဗိနီအင်ကြင်းပင်ကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

**နေ့ဆွမ်းဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်မှ စာသင်သား သံဃာတော်များနှင့် သာမဏေများအား နေ့ဆွမ်းလောင်းလှူခဲ့ကြပြီး သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်ကြီး အမှူးပြုသည့် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များအား သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော်က ဓမ္မလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆရာတော်ကြီးထံမှ ဩဝါဒများကို နာယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်းလှမြို့နယ်၌ စပါး၊ ဝါ၊ နေကြာစိုက်ပျိုးသည့်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ စုပေါင်းရောင်းချ



**အထက်မင်းလှ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်မှ စပါး၊ ဝါ၊ နေကြာစိုက်ပျိုးသည့် တောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ယူရီးယားဓာတ်မြေဩဇာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ စက်တင်ဘာ ၈ ရက်က စုပေါင်းရောင်းချပေးသည်။

ရောင်းချရာတွင် သရက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးဦးမြင့်စိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသိန်းက မိုးစပါး၊ နေကြာနှင့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးသောတောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်စေရန် ယူရီးယားဓာတ်မြေဩဇာ စုပေါင်းရောင်းချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူများအား ယူရီးယားဓာတ်မြေဩဇာ(၅၀ ကီလိုဂရမ်) အိတ် ၅၆၀ ကို ရောင်းချပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ယူရီးယားဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်သုံးစွဲနည်းများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ မြစ်ကြီးနားမြို့ရှိ ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်များနှင့်တွေ့ဆုံ၊ ပရဟိတဂေဟာ(အံတော်ရှင်)မှ ကျောင်းသားများအား ထောက်ပံ့

**မြစ်ကြီးနား စက်တင်ဘာ ၁၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်ရှိ စိန်ကိုလန်ဘန်ကသီဒြယ်ကတ်သလစ် အသင်းတော်ဘုရားကျောင်း၌ ခရစ်ယာန်အသင်းတော်အသီးသီးမှ ဘုန်းတော်ကြီးများ၊ သိက္ခာတော်ရဆရာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးရရှိရေးအပြင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်းနှင့် သာသနာရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံးနှင့် အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

**အလှူငွေများပေးအပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိန်ကိုလန်ဘန်ကသီဒြယ်ကတ်သလစ်အသင်းတော်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ(MCC)၊ စီတာပူနှစ်ခြင်းအသင်းတော်၊ လော်ဝေါ်နှစ်ခြင်းအသင်းတော်၊ လီဆူနှစ်ခြင်းအသင်းတော်၊ လွတ်လပ်သော တိုင်းရင်းခရစ်ယာန်အသင်းတော်နှင့် ခရစ်တော်၏တပည့်တော်များအသင်းတော်တို့အတွက် အလှူငွေများနှင့် လက်ဆောင်ခြင်းများ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် တောင်တန်းသာသနာပြု အံတော်ရှင်ကျောင်းတိုက်၌ မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်/ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲသို့တက်ရောက်ပြီး မြစ်ကြီးနားမြို့ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တကေတုမာလာ အမှူးပြုသော ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ၊ ဝတ္ထုငွေနှင့် ဆန် ၂၇ အိတ်၊ ဆီ ၁၀ ပုံးတို့ကို ဆက်ကပ်လှူဒါန်း၍ (ယာပုံ)လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် အဆိုပါကျောင်းတိုက်အတွင်း လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပရဟိတဂေဟာ(အံတော်ရှင်)က စောင့်ရှောက်ထားသော ကျောင်းသားကျောင်းသူများ၊ ကလေးငယ်များနှင့် တွေ့ဆုံပြီး ကျောင်းသားကလေးငယ် ၃၄ ဦးအတွက် ဆန်ဖိုးငွေ၊ စားစရိတ်အပြင် ဂေဟာမှူးလစာတို့အတွက် စုစုပေါင်းငွေကျပ် ၅၃၅၈၀၀၀ ကို ထောက်ပံ့ပေးအပ်သည်။





**ကြည့်ရှုအားပေး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်အတွင်းရှိ ဖူဆယ်ကလပ်ပေါင်း ၃၄ သင်းပါဝင်ယှဉ်ပြိုင်သည့် အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် YFT FC ကလပ်အသင်းနှင့် နောင်ရာ FC ကလပ်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပြိုင်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အကအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်ဖူဆယ်ဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့ကြသူများနှင့် အသင်းအဖွဲ့များအတွက် အမှတ်တရကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်သူရက ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊အကောင်းဆုံးအတိုးတက်ဆုံး ကစားသမားဆုနှင့် ဂိုးသမားအကောင်းဆုံးဆုများ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာက ပွဲစဉ်တစ်လျှောက် အသန့်ရှင်းဆုံးဘောလုံးအသင်းဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒုတိယဆုရ နောင်ရာ FC အသင်းအတွက် တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပထမဆုရ YFT FC အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ် (ဓါတ်ပုံ)၊ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၂၀ နှင့် တံခွန်စိုက်ဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ဖူဆယ်ဘောလုံးပြိုင်ပွဲကို ပြည်နယ်၏ ဖူဆယ်အားကစားတိုးတက်မြင့်မားလာစေရေးနှင့် လူငယ်ကစားသမားများ ပေါ်ထွန်းလာရေးအတွက် ရည်ရွယ်၍ YFT FC ဖူဆယ်အသင်းသစ်မိတ်ဆက်ပွဲနှင့် အမျိုးသားအလွတ်တန်း ဖူဆယ်ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၁ ရက်မှ အသင်းပေါင်း ၃၄ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ကာဇက်စတန်နိုင်ငံ အက်စ်တာနာမြို့၌ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၀** ကာဇက်စတန်သမ္မတနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥက္ကဋ္ဌ H.E.Ms. Elvira Azimova ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက်မှ ၈ ရက်အထိ ကာဇက်စတန်သမ္မတနိုင်ငံ အက်စ်တာနာမြို့၌ “Constitutional Justice: Dignity, Freedom and Justice for All” ခေါင်းစဉ်ဖြင့် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့ တက်ရောက်သည်။

ဆွေးနွေးပွဲကို ကာဇက်စတန်သမ္မတနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနေ့နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (၇၅)နှစ်ပြည့်မြောက်ခြင်းတို့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်သည်။ အဆိုပါဆွေးနွေးပွဲတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ခြင်းကို မြှင့်တင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ထိန်းကျောင်းမှု အခန်းကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကို အကောင်အထည်ဖော်ရာတွင် ထိရောက်သောဖွဲ့စည်းပုံအခြေခံဥပဒေထိန်းကျောင်းမှုများ၊ နိုင်ငံသားများ၏ တရားမျှတမှုနှင့် တန်းတူအခွင့်အရေးများ ရရှိစေရေး စသည့်အချက်များကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကာဇက်စတန်သမ္မတနိုင်ငံ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်တို့မှ ကိုယ်စားလှယ်များ၊ နိုင်ငံပေါင်း (၁၉) နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၊ ခုံရုံး၊ တရားလွှတ်တော်ချုပ်တို့မှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များနှင့် တရားသူကြီးများ၊ လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်မင်းကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဗင်းနစ်ကော်မရှင်နှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များနှင့် အခြားဖိတ်ကြားထားသည့် နိုင်ငံများမှ ဥပဒေပညာရှင်များ တက်ရောက်ခဲ့ကြပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းကို မြှင့်တင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ထိန်းကျောင်းမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ရှုထောင့်အမြင်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားစီရင်ရေးအတွေ့အကြုံများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းနှင့်အတူ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရူပါဦးတို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင် လှိုင်းဘွဲ့မြို့နှင့် ထီလုံကျေးရွာတို့၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ




နေပြည်တော် စက်တင်ဘာ ၁၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့သည် ယနေ့ နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နှင့် ထီလုံကျေးရွာသို့သွားရောက်ပြီး ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားကြသည်။**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ လှိုင်းဘွဲ့မြို့အောင်ဆန်းခန်းမ၌ ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံရေးဖြစ်စဉ် ပြောင်းလဲဖြစ်ပေါ်လာပုံအဆင့်ဆင့်၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု၊ ငြိမ်းချမ်းရေးကိုမျှော်မှန်းသည့် ဆန္ဒသဘောထားများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ယင်းနောက်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များက ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆန္ဒသဘောထားများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

### ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ဆက်လက်၍ ကရင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဒုံးအကဖြင့် သီဆိုကပြဖျော်ဖြေကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာသော မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လှိုင်းဘွဲ့မြို့နယ် ထီလုံစံပြကျေးရွာထီလုံအနောက်ကျောင်းတိုက်သို့ ရောက်ရှိပြီး ထီလုံအနောက်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆွမ်းဆန်တော်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။




### ယဉ်ကျေးမှုကိုထိန်းသိမ်းသွားစေလို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ထီလုံအနောက်ကျောင်းတိုက် အာဟာရသုခမ္မာရုံ၌ ပအိုဝ်းတိုင်းရင်းသားများနှင့်တွေ့ဆုံရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပအိုဝ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းလျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းသာမိပါကြောင်း၊ ဆက်လက်၍လည်း ပအိုဝ်းယဉ်ကျေးမှုကို ထိန်းသိမ်းသွားစေလိုပြီး ပအိုဝ်းတိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုး သယ်ပိုးဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် ယနေ့နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိသော ငြိမ်းချမ်းရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(ဝဲပုံ)**

ယင်းနောက် တက်ရောက်လာကြသည့် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုမှ ပအိုဝ်းတိုင်းရင်းသားပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ကြပြီး လိုအပ်ချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

### လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ခွန်စံလွင်တို့သည် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ တောင်ကလေးပရိယတ္တိ၊ ပဋိပတ္တိသာသနာ့အေးရိပ်သာ နာယကချုပ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တပညာသာမိ (တောမှီရဟန်း) အရှင်သူမြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး ဆွမ်းဆန်တော်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ရေးမှာကြား

**နေပြည်တော် စက်တင်ဘာ ၁၀**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ရုံး၌ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့တွင် အခြေပြုတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နှစ်အလိုက်စီမံကိန်းများကို လျာထားချက်အလိုက်ပြည့်မီအောင် အကောင်အထည်ဖော်ရေး၊ စာရင်းအင်းအချက်အလက် ပြုစုကောက်ယူမှုများတွင် တိကျမှန်ကန်မှုရှိစေရေး၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ရေး၊ အခွန်ထမ်းပြည်သူများ အခွန်ဆိုင်ရာဗဟုသုတများ သိရှိနားလည်ပြီး လိုလားစွာအခွန်ထမ်းဆောင်ကြစေရေးအတွက် အသိပညာပေးဆောင်ရွက်ရေး၊ ငွေရေးကြေးရေးဆိုင်ရာဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အလေးထားဂရုပြုဆောင်ရွက်ကြစေရေး၊ အခြားသောဌာနဆိုင်ရာများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာ တာဝန်များထမ်းဆောင်ကြစေရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးတို့ကိုမှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# အိပ်မက်တွေက ဈေးကြီးတယ်

**ခင်သန်းမြင့်**

**"စိတ္တေန နိယတေလောကော"၊ လောကကို စိတ်ကဦးဆောင်တယ်ဆိုတဲ့အတိုင်း ကိုယ့်ရဲ့ကောင်းသော စိတ်ကူးအိပ်မက်တွေဟာ လက်တွေ့ဘဝမှာ အကောင်အထည်ဖော် ဖြစ်တည်လာဖို့ဆိုတာ တကယ်တော့ မလွယ်လှပါဘူး။ ကံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်ကြရပါတယ်။ ဆန္ဒာဓိပတိ၊ ဝီရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီမံသာဓိပတိဆိုတဲ့ အဓိပတိတရား လေးပါးပြည့်စုံပါမှလည်း အထွတ်အထိပ်ကို တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။**

ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားခဲ့တဲ့ လူပုဂ္ဂိုလ် အသီးသီးကို လေ့လာကြည့်ရင် ငယ်စဉ်ကတည်းက စိတ်ကူးအိပ်မက်တွေ ကိုယ်စီကိုယ်စီရှိခဲ့ကြ၊ မက်ခဲ့ကြတာကို တွေ့မြင်ရမှာဖြစ်တယ်။ အိပ်မက်တွေက ကြီးမားရင် ကြီးမားသလို ဈေးကြီးပါတယ်။ ကြီးကျယ် ခမ်းနားရင်ခမ်းနားသလို အရင်းအနှီးက လည်း ကြီးပါတယ်။

တစ်ချိန်က အမေရိကန်ပြည်ထောင်စုမှာ လူမျိုးရေးခွဲခြားမှုအဆုံးသတ်ရေးနဲ့ နိုင်ငံသား အခွင့်အရေးအတွက် တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်တဲ့ အာဖရိကန်- အမေရိကန် သင်းအုပ်ဆရာ တစ်ယောက်ဖြစ်သူ မာတင်လူသာကင်းဂျူနီယာ (၁၉၂၉-၁၉၆၈)ရဲ့ အိပ်မက်ကတော့ ကြီးကျယ် ခမ်းနားသလောက် ကမ္ဘာမှာလည်း ထင်ရှားကျော်ကြားခဲ့ပါတယ်။

မာတင်လူသာကင်းဟာ ၂၈-၈-၁၉၆၈ က အလုပ်အကိုင်နဲ့ လွတ်လပ်ခွင့်အတွက် ကျင်းပ တဲ့ လူထုချီတက်ပွဲမှာ ဝါရှင်တန်ဒီစီ၊ လင်ကွန်း အမှတ်တရအဆောက်အအုံ လှေကားထစ်ကနေပြီး ထောက်ခံသူ လူပေါင်းနှစ်သိန်းခွဲကို သူ့ရဲ့စိတ်ကူး အိပ်မက်တွေနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော် ပြောကြားခဲ့ပါတယ်။

**အမှန်တရားကို စွဲမြဲဆုပ်ကိုင်ထား**

"ကျွန်တော် အိပ်မက်တစ်ခု မက်တယ်။ အမေရိကသားတို့ရဲ့အိပ်မက်ထဲမှာ နက်နက်ရှိုင်းရှိုင်း စိမ့်ဝင်နေတဲ့အိပ်မက်မျိုး။ တစ်ရက်တော့ ဒီနိုင်ငံကြီး နိုးထလာပြီး နိုင်ငံရဲ့အဆုံးအမတရားနဲ့ လျော်ညီစွာ ဖြစ်မြောက်လာမယ့် အိပ်မက်မျိုး။ လူသားအားလုံး ကို ဘုရားသခင်က တန်းတူညီမျှစွာ ပြုလုပ်ထား တယ်ဆိုတဲ့ အမှန်တရားတွေကို သိသာထင်ရှားစွာ စွဲမြဲဆုပ်ကိုင်ထားရမယ်။

ကျွန်တော်အိပ်မက်တစ်ခုမက်တယ်။ ကျွန်တော့် ကလေးလေးယောက်က အသား အရောင်အသွေးနဲ့ ခွဲခြားဆက်ဆံခြင်းမပြုတဲ့နိုင်ငံ၊ ကိုယ်ကျင့်စာရိတ္တနဲ့ပဲ ခွဲခြားကြတဲ့နိုင်ငံမှာ တစ်နေ့နေထိုင်ကြမယ် ဆိုတဲ့ အိပ်မက်ပဲဖြစ်တယ်" ဆိုတဲ့ ကင်းရဲ့အိပ်မက် ကတော့ စိတ်ထိခိုက်ဝမ်းနည်းစရာ ဖြစ်ရပါတယ်။ "ကင်းရဲ့ဒီအိပ်မက် စတင်မွေးဖွားလာခဲ့ပုံကလည်း စိတ်ထိခိုက်ဖွယ်ရာ ဖြစ်ရပ်တစ်ခုကစပြီး အခြေတည်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ တစ်ရက်မှာ ကင်းရဲ့ ခြောက်နှစ်အရွယ် သမီးလေး ယိုလန်ဒါဟာ Funtown ဆိုတဲ့ ဒစ္စနေလန်းဒ်အငယ်စား ကလေးကစားကွင်း က တီဗွီကြော်ငြာကိုကြည့်ပြီး "ကစားကွင်းကို သွားချင်တယ်"လို့ ပူဆာခဲ့ပါတယ်။

ကင်းက "Funtown ဟာ လူမည်းကလေးတွေ မလာရဆိုပြီး တားမြစ်ထားတယ်" လို့ သမီးကို နားလည်အောင်ရှင်းပြလိုက်တဲ့ အချိန်မှာတော့ ယိုလန်ဒါလေးဟာ မျက်ရည်တွေ စီးကျလာတယ်လို့ ဆိုပါတယ်။

ကင်းက "ကျွန်တော် ကြုံခဲ့ဖူးသမျှထဲမှာ စိတ်အထိခိုက်ရဆုံးအဖြစ်ပါ။ဘာကြောင့်လဲဆိုတော့ ဒီအခိုက်အတန့်လေးအတွင်းမှာပဲ နုနယ်လှတဲ့သမီး ရဲ့စိတ်သန္တာန်မှာ နိမ့်ကျသိမ်ငယ်ခြင်းဆိုတဲ့ တိမ်တိုက်မည်းကြီးတွေ ပထမဆုံးအကြိမ်အဖြစ် ဖုံးလွှမ်းခံလိုက်ရပြီး မသိစိတ်မှာအလိုလိုပေါ်ပေါက်လာတဲ့ လူဖြူတွေကို ခါးသီးမုန်းတီးခြင်းဆိုတဲ့ စိတ်ကြောင့် သမီးရဲ့ကိုယ်ရည်ကိုယ်သွေးကို စတင် စွန်းထင်းပုံဖျက်စေခဲ့ပြီဆိုတာကို ကျွန်တော်ရိပ်မိ လိုက်တာကြောင့်ပါပဲ။ အဲဒီမှာ အသားအရောင်ကို အခြေခံတဲ့ လူ့အာဃာတတရားဆိုတာကို သမီး ပထမဆုံးကြားဖူးသွားတယ်။ ဒါပေမယ့် ခါးသီးရှုံ့ရှာမှုတွေနဲ့အတူ ကျွန်တော့်သမီးလေး လူလားမြောက်မလာစေဖို့က ကျွန်တော့်အတွက် သေမလောက်အရေးကြီးတဲ့ကိစ္စပါပဲ" လို့ ပြန်ပြောင်းပြောဆိုခဲ့ပါတယ်။

ဒါကြောင့်ပဲ မာတင်လူသာကင်းဟာ သူ့ရဲ့ နာမည်ကျော်မိန့်ခွန်းမှာ "ကျွန်တော် အိပ်မက်တစ်ခု မက်တယ်"ဆိုတဲ့စာသားကို ရှစ်ကြိမ်အထိ သုံးစွဲ ပြောကြားသွားခဲ့ပါတယ်။ သူ့ရဲ့စိတ်ကူးအိပ်မက်တွေ ဟာ ကြီးကျယ်ခမ်းနားခဲ့သလို အရင်းအနှီးကလည်း ကြီးမားခဲ့ပါတယ်။ ဘဝတစ်လျှောက်လုံး မကြာခဏ ဖမ်းဆီးခံရ၊ အနှောင့်အယှက်ခံရရနဲ့ အဆုံးမှာတော့ (၄-၄-၁၉၆၈) အစွန်းရောက်လူဖြူတစ်ဦးရဲ့ သေနတ်နဲ့ ပစ်ခတ်လုပ်ကြံမှုကြောင့် အသက် ပေးဆပ်သွားခဲ့ရပါတယ်။


**အိပ်မက်တွေ အနာဂတ်မှာ ဖြစ်တည်လာခဲ့**

ဒါပေမယ့် မာတင်လူသာကင်းရဲ့ အိပ်မက်တွေ ကတော့ သူမက်ခဲ့တဲ့အတိုင်း အနာဂတ်မှာ အကောင်အထည်ဖော် ဖြစ်တည်လာခဲ့ပါတယ်။ အာဖရိကန်-အမေရိကန်သား ဘားရက်အိုဘားမားဆိုရင် အမေရိကန်နိုင်ငံရဲ့ ၄၄ ဦးမြောက် သမ္မတအဖြစ် တက်လှမ်းနိုင်ခဲ့ပြီး အမေရိကန်နိုင်ငံရဲ့ ပထမဆုံးသော အာဖရိကန် - အမေရိကန် သမ္မတဖြစ်လာခဲ့ပါတယ်။

အမေရိကန်နိုင်ငံရဲ့သမိုင်းမှာ အသက်အငယ်ဆုံး သမ္မတတစ်ဦးဖြစ်တဲ့ ဂျွန်အက်ဖ်ကနေဒီရဲ့အိပ်မက် ဟာလည်း ကြီးကျယ်ခမ်းနားပါပေတယ်။ ရွေးကောက်ပွဲမှာ အကြံပေးတွေက ကနေဒီကို ဒုတိယသမ္မတနေရာကို အရင်ဆုံးဝင်ရောက်ယှဉ်ပြိုင်ဖို့ပြောတဲ့အခါမှာ ကနေဒီက "ပထမနေရာရှိလျက်သားနဲ့ ဒုတိယနေရာကို ဝင်ရောက်မယှဉ်ပြိုင်နိုင်ဘူး။ ပထမနေရာအတွက် အရည်အချင်း မမီသေးရင် မီအောင်ကြိုးစားမယ်"လို့ ဆိုပါတယ်။ သူ့ရဲ့ ကြီးကျယ် ခမ်းနားတဲ့ စိတ်ကူးအိပ်မက်နဲ့ကြိုးစားမှုကြောင့်ပဲ ကနေဒီဟာ အမေရိကန်နိုင်ငံရဲ့ ၃၅ ဦးမြောက် သမ္မတ(၁၉၆၁-၁၉၆၃)တစ်ဦး ဖြစ်လာခဲ့ပါတယ်။

ပြင်သစ်စာရေးဆရာကြီး ဂျူးလ်စ်ဗန်း (၁၈၂၈-၁၉၀၅)ရဲ့ စိတ်ကူးအိပ်မက်ကတော့ အတိုင်းထက်

> ◆ **နှစ်ပေါင်း ၅၀ ကျော်တဲ့အခါမှာတော့ ဆရာကြီး ဂျူးလ်စ်ဗန်းရဲ့ စိတ်ကူးအိပ်မက်တွေဟာ အမှန်တကယ်ပဲ အသက်ဝင်လာခဲ့ပါတယ်။ ဆိုဗီယက်အာကာသယာဉ်မှူး ယူရီဂါဂါရင်ဟာ ၁၉၆၁ ခုနှစ်မှာ ဒုံးပျံအာကာသယာဉ်နဲ့ပြင်ပအာကာသသို့ ပထမဆုံး သွားရောက်နိုင်သူတစ်ဦး ဖြစ်လာခဲ့**




အလွန် ကမ္ဘာမြေကိုတောင် ကျော်လွန်သွားခဲ့ပါတယ်။ ဆရာကြီး ဂျူးလ်စ်ဗန်းဟာ အနာဂတ်ကို ရည်မျှော်သော သိပ္ပံဝတ္ထုကြီးများ ရေးသားရာမှာ ထင်ရှားကျော်ကြားသူတစ်ဦး ဖြစ်ပါတယ်။ သူ့ရဲ့ စိတ်ကူးယဉ်သိပ္ပံဝတ္ထုများအနက် From The Earth To The Moon (ကမ္ဘာမြေမှလဗိမာန်သို့) ဝတ္ထုမှာတော့ လကမ္ဘာကို ဒုံးယာဉ်ပျံနဲ့လူသားတို့သွားရောက်ခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ပြီးရေးသားခဲ့ပါတယ်။

**အာကာသသို့ ပထမဆုံး သွားရောက်သူတစ်ဦး ဖြစ်လာ**

နှစ်ပေါင်း ၅၀ ကျော်တဲ့အခါမှာတော့ ဆရာကြီး ဂျူးလ်စ်ဗန်းရဲ့ စိတ်ကူးအိပ်မက်တွေဟာ အမှန်တကယ်ပဲ အသက်ဝင်လာခဲ့ပါတယ်။ ဆိုဗီယက် အာကာသယာဉ်မှူး ယူရီဂါဂါရင်ဟာ ၁၉၆၁ ခုနှစ်မှာ ဒုံးပျံအာကာသယာဉ်နဲ့ ပြင်ပအာကာသသို့ ပထမဆုံး သွားရောက်နိုင်သူတစ်ဦး ဖြစ်လာခဲ့ပါတယ်။

ကွယ်လွန်သူဆရာကြီး ဂျူးလ်စ်ဗန်းရဲ့ တူမ ဖြစ်သူ ခရစ္စတင်းက အာကာသယာဉ်မှူး ယူရီဂါဂါရင် ထံပေးပို့တဲ့ ကြေးနန်းသဝဏ်လွှာမှာ "ဂျူးလ်စ်ဗန်းရဲ့ တူမ တစ်ယောက်အနေနဲ့ ရှင့်ရဲ့စွမ်းဆောင်ချက်ကို ကျွန်မချီးကျူးဂုဏ်ယူကြောင်း ပြောပါရစေ။ ကျွန်မဦးကြီး စိတ်ကူးယဉ်အိပ်မက် မက်ခဲ့တာကို ရှင်တို့က လက်တွေ့အဖြစ် ပြောင်းလဲလိုက်ပါပြီ။ သူသာ အသက်ထင်ရှားရှိနေဦးမယ်ဆိုရင် ခုနေခါ သူလည်းပဲ ရှင်တို့နဲ့အတူ ပျော်မဆုံးအောင်ရှိနေမှာပါ။ ရှင်တို့ အင်မတန်တော်ပါပေတယ်"လို့ ရေးသားဖော်ပြခဲ့ပါတယ်။

ရေဒီယိုဖြင့်ရှာဖွေထောက်လှမ်းခြင်းနှင့် အကွာအဝေးတိုင်းခြင်းနည်းလမ်း (Radio Detecting and Ranging)ဆိုတဲ့ RADAR ကို စတင်တီထွင်ခဲ့သူ ရောဘတ်အလက်ဇန္ဒာဝပ်ဆင်ဝပ်ရဲ့ စိတ်ကူး အိပ်မက်တွေကလည်း ဒုတိယကမ္ဘာစစ်ကာလ အတွင်းမှာ သူ့နိုင်ငံ ဗြိတိန်ကို ရေဒါကွန်ချာနဲ့ လွှမ်းအုပ်ကာ ရန်သူလေယာဉ်တွေရဲ့ ရန်က ကာကွယ်ပေးနိုင်ခဲ့ပါတယ်။

**ရေဒါကို စတင်မွေးဖွားနိုင်**

ဝပ်ဆင်ဝပ်ဟာ ငယ်စဉ်ကတည်းက သိပ္ပံ စမ်းသပ်မှုများပြုလုပ်ရန် ဝါသနာထုံပြီး ပထမ ကမ္ဘာစစ်ဖြစ်စကာလအတွင်း အစိုးရမိုးလေဝသဌာနမှာ ထူးချွန်တဲ့လူငယ် အင်ဂျင်နီယာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ရေဒီယိုကို အသုံးပြုပြီး မိုးကြိုးမုန်တိုင်းကို ခန့်မှန်းကာ လေယာဉ်များအား ကြိုတင်သတိပေးနိုင်မယ့်အစီအစဉ်ကို ဝပ်ဆင်ဝပ်က ကြံဆနိုင်ခဲ့ပါတယ်။ ၁၉၃၂ ခုနှစ်မှာတော့ ဖြတ်သန်းပျံသန်းနေတဲ့ လေယာဉ်က ရောင်ပြန်ဟပ် ရေဒီယိုလှိုင်းတွေရဲ့အရိပ်ကိုတွေ့ရှိခဲ့ပြီး လေယာဉ် ကို ရေဒီယိုလှိုင်းဖြင့် ထောက်လှမ်းနိုင်ကြောင်း သိရှိသွားခဲ့ပါတယ်။ ဝပ်ဆင်ဝပ်ဟာ ရေဒါကို စတင် မွေးဖွားနိုင်ခဲ့ပါပြီ။

ဒုတိယကမ္ဘာစစ်ကာလမှာတော့ ဝပ်ဆင်ဝပ်ရဲ့ ရေဒါအစွမ်းနဲ့ ရန်သူလေယာဉ်များ လာနေတာကို ကြိုသိလာရုံမက တည်နေရာကိုပါ ထောက်လှမ်း နိုင်တဲ့အတွက် လက်ဦးမှုရယူပြီး တိုက်ခိုက်ချေမှုန်း နိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ နာဇီဂျာမနီ ရဲ့လေတပ် ဟာ အဆုံးအရှုံးများလာတဲ့အတွက် ဗြိတိန်နိုင်ငံ အပေါ် လေကြောင်းဆင်နွှဲနေမှုကို ရပ်ဆိုင်းခဲ့ရပါတယ်။

စစ်ကြီးပြီးဆုံးတဲ့နောက်မှာ ဂျာမန်ရေတပ် ဗိုလ်ချုပ်ဒိုးနစ်ဇ်က "အဏုမြူဗုံးပြီးလျှင် ဒုတိယ အကောင်းဆုံးလက်နက်ဖြစ်သည့် ရေဒါသည် မဟာမိတ်တပ်များ စစ်အောင်နိုင်ရေးအတွက် အဆုံးအဖြတ်ပေးသည့်လက်နက် ဖြစ်သည်။ ရေဒါကို တီထွင်ခဲ့ကြသည့် သိပ္ပံပညာရှင်များသည် သူတို့တိုင်းပြည်၏ ကယ်တင်ရှင်များပင် ဖြစ်တော့သည်"လို့ ရေးသားခဲ့ပါတယ်။

ရေဒါစွမ်းအင်ကို ထိထိရောက်ရောက် အသုံးချနိုင်ခဲ့ခြင်းကြောင့် ၁၉၄၁ ခုနှစ်မှာ ဆာဘွဲ့ချီးမြှင့်ခံခဲ့ရတဲ့ ဆာဝပ်ဆင်ဝပ်ကတော့ "ကျွန်ုပ်တို့သည် မိမိတို့တိုင်းပြည်အား တိုင်းတစ်ပါးမှ ကျူးကျော်မှုကို ကာကွယ်နိုင်ရန် အသိစိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ကြသည်"လို့ ဆိုပါတယ်။

အားကစားနယ်ပယ်တစ်ခုဖြစ်တဲ့ ဘောလုံးလောကက ပီလီ၊ မာရာဒိုနာ၊ ရိုနယ်ဒို (ဒိုကြီး)၊ ရော်နယ်ဒင်ဟို၊ မက်ဆီ၊ ရိုနယ်ဒို(ဒိုလေး)စတဲ့ ကမ္ဘာကျော်များဟာလည်း သူတို့ရဲ့ စိတ်ကူးအိပ်မက်တွေ အမှန်တကယ် မွေးဖွားဖြစ်တည်နိုင်ဖို့ ငယ်စဉ်ကတည်းက လူငယ်အကယ်ဒမီသင်တန်းကျောင်းတွေမှာ အရင်းအနှီးများစွာ ပေးဆပ်ခဲ့ကြရတာပါပဲ။ လက်ရှိ နော်ဝေနဲ့ မန်စီးတီးတိုက်စစ်မှူး ဟာလန်း ဆိုလည်း တစ်ချိန်က သူ့ဖခင်ကစားခဲ့တဲ့ မန်စီးတီး အသင်းနဲ့အတူ အောင်မြင်မှုတွေ ဆွတ်ခူးရယူလိုတဲ့ စိတ်ကူးအိပ်မက်တွေကြောင့်ပဲ ဂျာမန်ဘွန်ဒါလီဂါလိဂ်ကနေ အင်္ဂလန်ပရီးမီးယားလိဂ်ကို ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။

အသက် ၂၃ နှစ်သား ဟာလန်းရဲ့အိပ်မက်တွေဟာ အချိန်တိုအတွင်း အသက်ဝင်လာခဲ့တယ်လို့ ဆိုရပါမယ်။ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှာ မန်စီးတီး အသင်းဟာ ချန်ပီယံလိဂ်၊ ပရီးမီးယားလိဂ်၊ အက်ဖ်အေရှုံးထွက်ဖလားအပါအဝင် တစ်ရာသီတည်းမှာ ဖလားသုံးလုံးဆွတ်ခူးရယူနိုင်ခဲ့ပြီး ဟာလန်း ကိုယ်တိုင်လည်း တစ်နှစ်တာ ဥရောပ အကောင်းဆုံး အားကစားသမားဆုကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

**အိပ်မက်တွေ ကိုယ်စီရှိခဲ့**

ဆိုရရင် နယ်ပယ်အသီးသီး၊ အလွှာအသီးသီးက ထင်ရှားကျော်ကြားအောင်မြင်သူတိုင်းမှာ ဆိုင်ရာ ဆိုင်ရာ စွဲလမ်းတပ်မက်မှုတွေ၊ ရူးသွပ်မှုတွေ၊ စိတ်ကူးစိတ်သန်းအိပ်မက်တွေ ကိုယ်စီရှိခဲ့ကြတာ ချည်းပါပဲ။

iPhone ၊ iPad ၊ i-Tune စတဲ့ ဖန်တီးမှုလက်ရာတွေ တစ်ခုပြီးတစ်ခု တီထွင်ခဲ့ပြီး Apple ကုမ္ပဏီရဲ့ CEO တစ်ဦးဖြစ်ခဲ့သူ စတိဗ်ဂျော့က စွန့်ဦးတီထွင်သူ တစ်ယောက်ဖြစ်ချင်လို့ပါဆိုပြီး လာပြောကြတဲ့ လူငယ်တွေကို "မင်းမှာ ဘာအိုင်ဒီယာရှိသလဲ" လို့ မေးလေ့ရှိပြီး "ဘာအိုင်ဒီယာမှ မရှိသေးပါဘူး"လို့ ဖြေတဲ့အခါမျိုးမှာ "မင်းမှာ အရူးအမူးစွဲလမ်းတပ်မက်ရမယ့် ရမ္မက်တစ်ခု (တစ်နည်းအားဖြင့် စိတ်ကူး အိပ်မက်တစ်ခု) ရှာမတွေ့သေးမချင်း ဘတ်စ်ကားလက်မှတ်စစ်လို အလုပ်မျိုးပဲဖြစ်ဖြစ် ရှာပြီးတော့သာ လုပ်နေပေတော့"လို့ ပြောတတ်ပါတယ်။

မြန်မာလူငယ်မောင်မယ်၊ သားတို့သမီးတို့မှာလည်း ဘယ်လိုစိတ်ကူးအိပ်မက်တွေ ရှိနေပါသလဲ။ ကမ္ဘာကျော်မယ့်စိတ်ကူးအိပ်မက်တွေလား၊ ကိုယ့်အလွှာနယ်ပယ်အသီးသီးမှာ အောင်မြင်ကျော်ကြားလိုတဲ့စိတ်ကူးအိပ်မက်တွေလား။ ကြီးကျယ်ခမ်းနားတဲ့ စိတ်ကူး အိပ်မက်မှန်သမျှကတော့ ဈေးကြီးပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ယာယီအမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ယာယီအမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံမှာကြားစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ယာယီအမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးပြီး နိုင်ငံတော်သံစုံတီးဝိုင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားကာ ရိုက်ကူးရေးလုပ်ငန်းများကို ကြည့်ရှုအားပေးသည်။

**အဆင့်မီစွာ ဖျော်ဖြေတင်ဆက်နိုင်ရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြင်ပအနုပညာရှင်များနှင့် ပေါင်းစပ်၍ အဆင့်မီစွာဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် ကြိုတင်ဇာတ်တိုက်လေ့ကျင့်ရေး၊ ဝတ်စုံသစ်များ စနစ်တကျ ချုပ်လုပ်ဝတ်ဆင်ရေး၊ အသံနှင့် မီးပိုင်းဆိုင်ရာအပြင် သီချင်းနှင့် လိုက်ဖက်သည့် Video Clip ပြသရိုက်ကူးရေး၊ သတင်းထုတ်ပြန်နိုင်ရန်အပြင် မှတ်တမ်းရိုက်ကူးရေးတို့ကို အသေးစိတ်မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ယာယီအမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ယာယီအမှုဆောင်အဖွဲ့အနေဖြင့် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဖွဲ့စည်းဆောင်ရွက်ခဲ့မှုနှင့် အနာဂတ်ကာလတွင် ဆောင်ရွက်မည့် အစီအမံများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် နိုင်ငံနှင့် ပြည်သူ့အတွက် အနုပညာစွမ်းအားဖြင့် တတ်စွမ်းသမျှပါဝင်ဆောင်ရွက်ရေး၊ အနုပညာရှင်များအနေဖြင့် အနုပညာအလုပ်များကို လွတ်လပ်ပျော်ရွှင်စွာဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရေး၊ လာမည့်ကာလတွင် ဂီတအစည်းအရုံး (ဗဟို) ၏ ဦးဆောင်မှုဖြင့် ဂီတဖျော်ဖြေပွဲများကို ပိုမိုကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ယာယီအမှုဆောင်အဖွဲ့သစ်တွင် လူငယ်အနုပညာရှင်များလည်း ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

**လူငယ်အနုပညာရှင်များ ပါဝင်ဆောင်ရွက်**

ဆက်လက်၍ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ယာယီအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တက်ရောက်လာသူများက ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ လူငယ်အနုပညာရှင်များ အစည်းအရုံးသို့ ပါဝင်ဆောင်ရွက်လာမှုနှင့် အနာဂတ်ကာလတွင် လူငယ်အနုပညာရှင်များထဲမှ အချိန်ပေးဆောင်ရွက်နိုင်သူများကို အမှုဆောင်အဖွဲ့တွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်မှု၊ ဂီတအစည်းအရုံးအတွက် ရန်ပုံငွေရရှိနိုင်မှုနှင့် ဂီတအနုပညာရှင်များ မူပိုင်ခွင့်အရ ခံစားခွင့်ရရှိရေး ဆောင်ရွက်လိုမှုတို့ကို ဆွေးနွေးပြောကြားကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက တာဝန်ခံကာ ဂီတအစည်းအရုံးနှင့် ဆက်သွယ်၍ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးနေမှုကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က တည်ဆဲဥပဒေနှင့်အညီ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်ရေးကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio (A) တွင် “ဘယ်သူမှန်လဲ အပြိုင်ကြဲ” အစီအစဉ်ဖြင့် သင့်လျော်သည့် ခေါင်းစဉ်များ ရွေးချယ်ကာ လူငယ်အနုပညာရှင်များဖြင့် ဆွေးနွေးပွဲရိုက်ကူးမှု **(အောက်ပုံ)** ကို ကြည့်ရှုအားပေးပြီး အနုပညာရှင်များနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**သတင်းစဉ်**



# မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီး၌ ငွေပဒေသာပင်စိုက်ထူလှူဒါန်း၍ ဆွမ်းဆက်ကပ်လှူဒါန်း၊ ရေစက်ချအလှူတော်မင်္ဂလာကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်တို့သည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးတို့နှင့်အတူ ချမ်းမြသာစည်မြို့နယ် မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီး အဆောင် (၈) ၌ ကျင်းပသည့် ငွေပဒေသာပင် စိုက်ထူခြင်း အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနား၌ ဓမ္မဓရဝါဆိုသာမဏေကျော် ပရိယတ္တိစာသင်တိုက် စာချနာယကတိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် အရှင်သူမြတ်တို့ ရွတ်ပွားအပ်သော ပရိတ်တရားတော်များကို နာယူကြည်ညို၍ ဆရာတော်အရှင်သူမြတ်တို့အား ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဇီဝိတဒါန သံဃာ့ဆေးရုံကြီး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌတို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးအတွက် ဆေးပဒေသာပင် (ငွေကျပ်သိန်းနှစ်ဆယ်ငါးသောင်း) နှင့် သီးခြားအလှူရှင်များဖြစ်သော မန္တလေးမြို့ ဦးမျိုးသိန်း+ဒေါ်တင်တင်ဆွေ မျိုးသိန်း အီလက်ထရောနစ် မိသားစုတို့က Oxygen Concentrator စက် လေလုံးတို့ကို ပေးအပ်လှူဒါန်းရာ ဆေးရုံကြီးစီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးမြဝင်းက လက်ခံသည်။

ထို့နောက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံမှ အနုမောဒနာနှင့် ရေစက်ချတရားများ နာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး စီမံခန့်ခွဲရေးဗဟိုကော်မတီများနှင့် တွေ့ဆုံရာ စီမံခန့်ခွဲရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဦးမြဝင်းက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် (ငြိမ်း) ဦးမောင်ကိုက ထပ်ဆင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမှာစကားများ ပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ဂိလာနသံဃာဆောင်သို့ သွားရောက်ကာ ဆေးရုံတက်ရောက်ကုသနေသော သံဃာတော် ၂၈ ပါး၊ သီလရှင်နှစ်ပါးတို့ကို ဆေးပစ္စည်း၊ နဝကမ္မအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် (၁၇) ကြိမ်မြောက် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင် တင်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများသည် ပန်းချီပညာဌာနတွင် ပညာဆည်းပူးခဲ့ကြသည့် စတုတ္ထနှစ်ကျောင်းသား ကျောင်းသူများ၏ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသည့် ပန်းချီကားများ၊ ဒီပလိုမာတန်း ကျောင်းသား ကျောင်းသူများ၊ မဟာဝိဇ္ဇာတန်း ကျောင်းသား ကျောင်းသူများ ရေးဆွဲထားသည့် ပန်းချီလက်ရာများနှင့် ပန်းပုပညာဌာန စတုတ္ထနှစ်ကျောင်းသားများက ပလာစတာ၊ အင်္ဂတေ၊ ဖိုက်ဘာတို့ဖြင့် ပုံဖော်ထုဆစ်ထားသည့် ပန်းပုလက်ရာများကို ကြည့်ရှုအားပေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့်အဖွဲ့ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် (၁၇) ကြိမ်မြောက် ပန်းချီ၊ ပန်းပုလက်ရာမွန်ပြပွဲနှင့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်စင်တင် တင်ဆက်ပွဲတွင် ခင်းကျင်းပြသထားသည့် ပန်းချီလက်ရာများကို ကြည့်ရှုအားပေးစဉ်။

**အားပေးကြည့်ရှု**

ထို့နောက် အမျိုးသားဇာတ်ရုံအတွင်း ဆက်လက်ကျင်းပသည့် ဂီတ၊ သဘင်၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာဌာနများမှ ကျောင်းသားကျောင်းသူများ၏ စွမ်းရည်ပြတင်ဆက်မှု အစီအစဉ်များကို ဆက်လက်အားပေးကြည့်ရှုကြပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ရိုးရာ အဝတ်အထည် ရက်လုပ်ခြင်းမှသည် ဒေသစီးပွားဖွံ့ဖြိုးမှုဆီ

■ နှင်းယု


မွန်ရိုးရာဝတ်စုံများ ရက်လုပ်သည့် ရက်ကန်းလုပ်ငန်းတစ်ခု။

မွန်လူမျိုးများ၏ အဖြူရောင်နှင့် အနီရောင် ရောစပ်ထားသော မွန်ရိုးရာ ဝတ်စုံသည် ထူးခြားဆန်းပြားသော အဆင်အပြင် မပါရှိသော်လည်း ရိုးရှင်းနေသည်၊ ပေါ်လွင်နေသည်။ ရိုးရိုးရှင်းရှင်းဖြင့် ဝတ်ဆင်သူအပေါင်းကို ကျက်သရေအပေါင်းနှင့် ပြည့်စုံစေသည်။ မွန်အမျိုးသားပုဆိုး၏အဆင် အနီလေးထောင့်ကွက်သည် လယ်ယာလုပ်ငန်း၏ လယ်ကွက်အမှတ်အသားဖြစ်ပြီး အနီရောင်လေးထောင့်ကွက်ကို ကန့်ထားသော အဖြူစင်းများသည် စိတ်စေတနာဖြူစင်ခြင်းကို ရည်ရွယ်သည်။ ခွဲ၊ လှံ့လ၊ ဝီရိယအားစိုက်ရသည့် လယ်ယာအလုပ်ကို ဖြူစင်သော စိတ်စေတနာနှင့် လုပ်ဆောင်တတ်ခြင်းကို ရည်ရွယ်သည်ဟု ဆိုကြသည်။

## လူကြိုက်များသည့် ရိုးရာအထည်များ

မွန်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သော ပြည်နယ်တစ်ခုဖြစ်ရာ ပြည်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဥယျာဉ်ခြံ သီးနှံစိုက်ပျိုးခြင်းများ ဖွံ့ဖြိုးလျက်ရှိပြီး မွန်လူမျိုးများသည်လည်း ဘာသာတရားကိုင်းရှိုင်းကာ အေးချမ်းစွာ နေထိုင်ကြသည်။ ထို့ကြောင့် မွန်ရိုးရာဝတ်စုံသည် မွန်လူမျိုးတို့၏ စိတ်ရင်းစေတနာကို ပေါ်လွင်စေသည့် အမှတ်သင်္ကေတတစ်ခု ဖြစ်သည်။

ထိုကဲ့သို့ မွန်လူမျိုးတို့ အထွတ်အမြတ်ထား ဝတ်ဆင်ကြသော ရိုးရာဝတ်စုံသည် ရာသီမရွေး၊ ဒေသမရွေး ဖက်ရှင်ကျကျ ဝတ်ဆင်နိုင်သဖြင့် မွန်လူမျိုးတို့သာမကယခုအခါ နိုင်ငံတွင်း ပြည်သူအများ ဝယ်ယူဝတ်ဆင်ကြသော လူကြိုက်များသည့် ရိုးရာအထည်များ ဖြစ်လာသည်။

"ကျွန်တော်တို့ မွန်လူမျိုးတွေကတော့ ရိုးရာအခမ်းအနားတွေမှာ၊ အလှူအတန်းပြုရာမှာ၊ နေ့ထူးနေ့မြတ်တွေမှာ စသဖြင့် ရိုးရာဝတ်စုံကို အလေးထားဝတ်ဆင်ကြပါတယ်။ ကျန်တဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေကတော့ ဝတ်စုံအပြည့်အစုံ မဟုတ်ဘဲ မွန်ထဘီ၊ မွန်ပုဆိုးကို ဝယ်ယူဝတ်ဆင်ကြတာများပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့ ရိုးရာဝတ်စုံကို နှစ်နှစ်သက်သက် ဝတ်ဆင်ကြတာမြင်တိုင်း ဝမ်းသာမိပါတယ်" ဟု မော်လမြိုင်မြို့မှ "နိမိမာန်" ရက်ကန်းလုပ်ငန်းရှင် ဦးထွန်းမြင့်က ပြောသည်။

## ဒေသတစ်ခု ထုတ်ကုန်တစ်ခု

ပြည်တွင်းတွင် မွန်ရိုးရာအထည်များ ဝတ်ဆင်မှု၊ ရက်လုပ်ရောင်းချမှုများရှိသည့်အတွက် ပြည်နယ်အတွင်း ရိုးရာအထည် ရက်လုပ်ရောင်းချသူများ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ်တွင် ထည့်သွင်းကာ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်နယ်အစိုးရအနေဖြင့် စီမံဆောင်ရွက်လျက်ရှိသည်။

ဒေသတစ်ခု ထုတ်ကုန်တစ်ခုဟူသော အစီအစဉ်သည် စိုက်ပျိုးရေး၊ မွေးမြူရေး ထွက်ကုန်များအပါအဝင် ဒေသထွက်ကုန်ကြမ်းများကို အခြေခံ၍ ကုန်ထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်ရင်း ဖြစ်သည်။

ထို့အတူ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေး၊ ဒေသအလိုက် အဓိကထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ရည်ရွယ်သည်။

မွန်ရိုးရာ ထဘီ၊ ပုဆိုးတွေဟာ မွန်တိုင်းရင်းသားတွေ သာမက တခြားတိုင်းရင်းသားပြည်သူတွေလည်း ဝတ်ဆင်ကြတဲ့ ရိုးရာအထည်တွေ ဖြစ်လာပါတယ်။ ဒီတော့ ပြည်နယ်က ဒေသခံ စီးပွားရေးလုပ်ငန်းတွေ အဆင်ပြေစေဖို့ အတွက် ဈေးကွက်ပိုရရှိအောင် One Region One Product အစီအစဉ်တွေနဲ့ တိုးမြှင့်ဆောင်ရွက်တာ ဖြစ်ပါတယ်" ဟု မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောကြားသည်။

## သင်တန်းများပို့ချနေ

မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ရက်ကန်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း (မုဒုံ)ကို ဖွင့်လှစ်ပြီး ဒေသခံများအား သင်တန်းဖွင့်လှစ်ကာ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်း ခြောက်လ သင်တန်းတို့ကို သင်ကြားပို့ချပေးလျက်ရှိသည်။

အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနအနေဖြင့် ရက်ကန်းသင်တန်းများကို ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ မတိမ်ကော မပပျောက်အောင် ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ရန်၊ ရက်ကန်းလုပ်ငန်းဆိုင်ရာ နည်းပညာ အတတ်ပညာများ ဖြန့်ဖြူးပေးရန်၊ ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော အထည်ထုတ်လုပ်ငန်းများကို တီထွင်နိုင်သည့် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးရန် ရည်ရွယ် ဖွင့်လှစ်ခြင်း ဖြစ်သည်။

"ဒီသင်တန်းတွေရဲ့ ရည်ရွယ်ချက်က ပြည်နယ်ရဲ့ ရိုးရာအမွေအနှစ် ရက်ကန်းလုပ်ငန်း မပျောက်ပျက်အောင် ဖြစ်ပါတယ်။ ခေတ်ကာလ ပြောင်းလဲလာတော့ အရင်လို ရက်ကန်းတစ်ခုတည်းပေါ်မှာ မှီခိုလို့မရတော့ တခြားလုပ်ငန်းတွေ ပြောင်းလဲ လုပ်ကိုင်ကြတာမျိုးတွေ တော့ ရှိပါတယ်။ အားသာချက်တစ်ခုက ဈေးကွက်မှာ နေရာတစ်ခုရှိတဲ့ ရိုးရာဝတ်စုံဖြစ်တဲ့အတွက် ဒီလုပ်ငန်း လုပ်ကိုင်နေတဲ့သူတွေကို ဖွံ့ဖြိုးမှုရရှိအောင် ဌာနအနေနဲ့ သင်တန်းတွေ ဖွင့်လှစ်ပြီး အသိပညာပေးသွားမယ်။ ပြီးတော့ နည်းပညာ အကူအညီရရှိအောင်၊ အထောက်အပံ့တွေ ရရှိအောင် တတ်အားသမျှ ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## ပိုကောင်းတဲ့ လုပ်ငန်းအခြေအနေ

ရိုးရာထည် ရက်လုပ်သည့် လုပ်ငန်းများ၏ အခြေအနေသည် ဒေသတွင်းထွက်ရှိသော ကုန်ကြမ်းများနှင့် ငွေကြေး အရင်းအနှီးတို့အပေါ် မူတည်ပြီး မိသားစု တစ်နိုင်တစ်ပိုင် အိမ်တွင်းလက်မှုလုပ်ငန်းများက များပြားသည်။ အများအားဖြင့် စက်ကိရိယာ အငယ်စားများ အသုံးပြုသည့် အသေးစား စက်မှုကုန်ထုတ်လုပ်ငန်းများ ဖြစ်သည်။

"ရိုးရာအထည်လုပ်ငန်းက ဒေသထွက်ကုန်တစ်ခုအနေနဲ့ ရပ်တည်မှုရှိတယ်။ ဒါပေမယ့် တစ်နိုင်တစ်ပိုင်လေးတွေမှာ အခက်အခဲရှိကြတယ်။ တစ်နိုင်တစ်ပိုင် ရက်လုပ်တဲ့သူ အများစုက ရက်လုပ်ပြီးရင် ခိုင်မာတဲ့ တံဆိပ်ရှိတဲ့ ရိုးရာအထည်လုပ်ငန်းကို ရောင်းချတာ များတယ်။ သူတို့ကိုယ်တိုင်က စားဝတ်နေရေး အခက်အခဲအတွက် တစ်နေ့ ရက်ထည်ကို ခိုင်မာတဲ့ တံဆိပ်ရှိတဲ့ လုပ်ငန်းဆီအပ်ပြီး တစ်နေ့အပ်၊ ချက်ချင်း ငွေပေါ်မယ့် အစီအစဉ်ကို သွားကြတာ များတယ်။ သူတို့အတွက် ပိုကောင်းတဲ့ လုပ်ငန်းအခြေအနေကို ရစေချင်ပါတယ်" ဟု "သုတ္တထပ်" ရက်ကန်းလုပ်ငန်းရှင် ဒေါ်အေးမူက ပြောသည်။

မွန်ပြည်နယ်အတွင်း မော်လမြိုင်၊ မုဒုံ၊ သံဖြူဇရပ် စသည့်မြို့နယ်များရှိ ကျေးရွာများမှ ဒေသခံများက မွန်ရိုးရာ အဝတ်အထည်များကို ရက်လုပ်ရောင်းချကြပြီး ပြည်နယ်အတွင်း မွန်ရိုးရာ ထဘီ၊ ပုဆိုး အပါအဝင် အထည်ရက်လုပ်သည့် လုပ်ငန်းရှင် ၄၀ ကျော်ရှိကြောင်း သိရသည်။

"ကျွန်မတို့က ရက်ကန်းရုံကနေ ရိုးရာအထည်တွေ ရက်လုပ်တယ်။ ဒေသမှာလည်း ရက်လုပ်တယ်။ အခုက ပြည်တွင်းဈေးကွက်မှာ နေရာတစ်ခုတော့ ရှိပါတယ်။ တစ်နိုင်ငံလုံး ဈေးကွက်ရရှိဖို့အတွက် အွန်လိုင်းကနေ ရောင်းချတာမျိုးလည်း ရှိပါတယ်" ဟု ဒေါ်အေးမူက ပြောသည်။

## ပြည်နယ်အစိုးရ၏ ပံ့ပိုးမှုများ

ပြည်နယ်အစိုးရအနေဖြင့် မွန်ရိုးရာ အဝတ်အထည်လုပ်ငန်း တိုးတက်ရေး အတွက် လုပ်ငန်းရှင်များအား ခေတ်မီဆန်းသစ်သော ဒီဇိုင်းများ ထုတ်လုပ်လာစေရန် မွန်ရိုးရာ အဝတ်အထည် ဒီဇိုင်း ချုပ်လုပ်ခြင်းပြိုင်ပွဲများ ပြုလုပ်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မွန်ပြည်နယ် ဝန်ကြီးချုပ်၏ ပံ့ပိုးကူညီပေးမှုဖြင့် နိုင်ငံတော်အဆင့် အထိမ်းအမှတ်ပြပွဲများ၊ ဈေးရောင်းပွဲတော်များ အပါအဝင် နေ့ထူးနေ့မြတ် ကျင်းပပြုလုပ်သည့် ပွဲတော်များတွင် မွန်ရိုးရာ အဝတ်အထည်များ ဝင်ရောက်ပြသရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အပြင် မွန်ရိုးရာ အဝတ်အထည်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို ဒေသတွင်း Supermarket များတွင် ရောင်းချနိုင်ရေး၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်းများနှင့် ချိတ်ဆက်ခြင်း၊ Hand Made များကို နိုင်ငံခြားသားများ ကြိုက်နှစ်သက်သည့်အတွက် ဈေးကွက်ရရှိရေး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းစီးပွားရေးကို အားပေးဆောင်ရွက်ခြင်းသည် အကောင်းဆုံးနည်းလမ်းတစ်ခု ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းများဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးကူညီဆောင်ရွက်လျက်ရှိရာ လုပ်ငန်းရှင်များဘက်မှလည်း ဒေသတစ်ခု ထုတ်ကုန်တစ်ခုမှသည် ပိုမိုတိုးတက်မှုရှိသည့် ဒေသစီးပွား၊ နိုင်ငံ့စီးပွားရေး ဖြစ်လာစေရန် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။


ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုဒုံ)မှ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှုသင်တန်းသူများ (အပေါ်ပုံ) နှင့် လက်ရက်ကန်းသင်တန်းသူတစ်ဦး (ယာပုံ)။



# အိန္ဒိယ၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပတို့ချိတ်ဆက်နိုင်မည့် စီးပွားရေးစင်္ကြံသစ်စီမံကိန်းကို ထုတ်ဖော်

**နယူးဒေလီ စက်တင်ဘာ ၁၀**

အိန္ဒိယ၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပတို့ချိတ်ဆက်ဆက်သွယ်ပေးမည့် ရထားလမ်းနှင့် ရေလမ်းဖန်တီးရန် စီမံကိန်းကို အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၊ အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီနှင့် အခြားသော ကမ္ဘာ့ခေါင်းဆောင်များက ထုတ်ဖော်ပြသခဲ့သည်။

နယူးဒေလီမြို့တွင် စက်တင်ဘာ ၉ ရက်က ပြုလုပ်သည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင် စီပွားရေးစင်္ကြံသစ် ဖော်ဆောင်မည့်အကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးသို့ ဆော်ဒီအာရေဗျမှ အိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်တို့လည်း တက်ရောက်ကြသည်။

အဆိုပါသဘောတူညီမှုကို သမိုင်းဝင်မည့်အစီအစဉ်ဟု အမေရိကန်သမ္မတက ပြောကြားခဲ့ပြီး သန့်ရှင်းသောစွမ်းအင်ဖြင့် ကုန်သွယ်တင်ပို့မှုများ ပိုမိုလုပ်ဆောင်နိုင်လိမ့်မည်ဟုလည်း ၎င်းက ဆက်ပြောသည်။ အရှေ့အလယ်ပိုင်းဒေသ ပိုမိုတည်ငြိမ်ပြီး ပိုမိုသာယာဝပြောစေရေး အထောက်အကူဖြစ်စေမည်ဟုလည်း ၎င်းကဆက်ပြောသည်။

ပါဝင်သည့်နိုင်ငံများသည် ဘဏ္ဍာရေးဆိုင်ရာ ယန္တရားတည်ဆောက်မှုတွင် ပါဝင်မည်ဟု အိမ်ဖြူတော်မှ အဆင့်မြင့်အရာရှိတစ်ဦးက ရှင်းလင်းပြောကြားသည်။ အစ္စရေးသည်လည်း အဆိုပါစီမံကိန်းသစ်၏ လမ်းကြောင်းပေါ်တွင်ရှိနေပြီး ဆော်ဒီနှင့်အစ္စရေးတို့ ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးကို အထောက်အကူပြုမပြု စိတ်ဝင်စားနေကြသည်။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်၏ ငွေကြေးဖောင်းပွမှု ၉ ဒသမ ၉၂ ရာခိုင်နှုန်းအထိ မြင့်တက်

**ဒါကာ စက်တင်ဘာ ၁၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုသည် ယခင်လက ၉ ဒသမ ၆၉ ရာခိုင်နှုန်းရှိရာမှ ဩဂုတ်လတွင် ၉ ဒသမ ၉၂ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီးနောက် စားသောက်ကုန် ဈေးနှုန်းများ ကြီးမြင့်လာခဲ့ကြောင်း နိုင်ငံ၏ စာရင်းအင်းအေဂျင်စီက စက်တင်ဘာ ၁၀ ရက်တွင် ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ် စာရင်းအင်းဗျူရို၏ အချက်အလက်များအရ အစားအစာ ကုန်ကျစရိတ်ငွေကြေးဖောင်းပွမှုသည် ယခင်လတွင် ၉ ဒသမ ၇၆ ရာခိုင်နှုန်းမှ ဩဂုတ်လတွင် ၁၂ ဒသမ ၅၄ ရာခိုင်နှုန်းအထိ တိုးလာကြောင်း ဖော်ပြသည်။ သို့သော်လည်း စားနပ်ရိက္ခာမဟုတ်သော ပစ္စည်းများ၏ ငွေကြေးဖောင်းပွမှုသည် ဇူလိုင်လတွင် ၉ ဒသမ ၄၇ ရာခိုင်နှုန်းမှ ဩဂုတ်လတွင် ၇ ဒသမ ၉၅ ရာခိုင်နှုန်းသို့ လျော့ကျသွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ဘဏ္ဍာရေးဝန်ကြီး မူစတာဖာ ကာမယ်လ်က ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ မိန့်ခွန်းတစ်ရပ်တွင် အဓိကအားဖြင့် ပြင်ပအချက်များကြောင့် ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အစောပိုင်းက ပြောကြားထားသည်။ ဘင်္ဂလားဒေ့ရှ်၏ ဘတ်ဂျက်အဆိုပြုချက်အရ လက်ရှိဘဏ္ဍာရေးနှစ် ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းကို ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့ချရန် ရည်မှန်းထားသည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ ဝက်ဝံတိုက်ခိုက်ခံရမှု စံချိန်တင်များပြား

**တိုကျို စက်တင်ဘာ ၁၀**

ယခုနှစ် ဧပြီလမှ ဇူလိုင်လအတွင်း နိုင်ငံတစ်ဝန်း ဝက်ဝံတိုက်ခိုက်ခံရသူအရေအတွက် စံချိန်တင်ခဲ့သဖြင့် ပြည်သူများ သတိရှိကြရန် ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက သတိပေးထားသည်။

အိဝါတဲတွင် ၁၅ မှု၊ အကီတာပြည်နယ်တွင် ကိုးမှုနှင့် ဖူကူရှီးမားစီရင်စုတွင် ခုနစ်မှုအပါအဝင် နိုင်ငံတစ်ဝန်း ဝက်ဝံတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူ ၅၃ ဦးရှိပြီး မေလတွင် ဟော့ကိုင်းဒိုးပြည်နယ်ရှိ ဟိုရိုကာနာအိမြို့၌ ဝက်ဝံတိုက်ခိုက်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။ ၂၀၀၇ ခုနှစ်နောက်ပိုင်းတွင် ဝက်ဝံတိုက်ခိုက်ခံရသူအရေအတွက် အများဆုံးစံချိန်တင်ခဲ့ခြင်းဖြစ်သည်။



ယခုနှစ်ဆောင်းဦးရာသီတွင် တိုဟိုကုဒေသရှိ လူနေရပ်ကွက်များတွင် ဝက်ဝံများ ပိုမိုတွေ့ရှိနိုင်ဖွယ်ရှိကြောင်း၊ အဓိကအကြောင်းရင်းမှာ ဒေသအတွင်းရှိ ၎င်းတို့၏ သဘာဝနေရင်းဒေသများတွင် အစာရေစာများ ရှားပါးလာသည့်အတွက် အစားအသောက်လာရောက်ရှာဖွေသည့် ဝက်ဝံအရေအတွက် ပိုမိုများပြားလာခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**




တရုတ်နိုင်ငံဝန်ကြီးချုပ် လီချန်း။

# စစ်မှန်သော နိုင်ငံစုံဝါဒကို ကျင့်သုံးရန်၊ အနာဂတ်အတွက် ယုံကြည်မှုနှင့် မျှော်လင့်ချက်များ ခိုင်မာအားကောင်းရန် တရုတ်ဝန်ကြီးချုပ် တောင်းဆို

နယူးဒေလီ စက်တင်ဘာ ၁၀

**ကမ္ဘာကြီးသည် ခက်ခဲရှုပ်ထွေးပြီး မငြိမ်မသက်ဖြစ်နေသော ဖွံ့ဖြိုးတိုးတက်မှုကာလကို ရင်ဆိုင်နေရပြီး အခက်အခဲများ ပြင်းထန်လာသည်နှင့်အမျှ ယုံကြည်မှုခိုင်မာအားကောင်းရန်နှင့် အနာဂတ်အတွက် မျှော်လင့်ချက်များတိုးမြှင့်ရန်၊ ရေရှည်အမြင်ကိုခံယူကာ အခက်အခဲများနှင့် စိန်ခေါ်မှုများကို တက်ကြွစွာတုံ့ပြန်ရန် လိုအပ်ကြောင်း တရုတ်နိုင်ငံဝန်ကြီးချုပ် လီချန်းက စက်တင်ဘာ ၁၀ ရက်က ကျင်းပသည့် ဂျီ-၂၀ ထိပ်သီး အစည်းအဝေးတွင် ပြောကြားသည်။**

လူ့ယဉ်ကျေးမှု သမိုင်းတစ်လျှောက် အကောင်းနှင့်အဆိုးတွင် ပိုမိုကောင်းမွန်သော အနာဂတ်ကို တောင့်တခြင်းသည် လူသားတို့ကို ရှေ့သို့ပို့ဆောင်ပေးသည့် မီးရှူးတန်ဆောင်ဖြစ်ကြောင်း၊ ပစ္စုပ္ပန်တွင် ကောင်းမွန်သည့်အလုပ်ကို လုပ်မှသာလျှင် ကောင်းမွန်သည့် အနာဂတ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း လီက ပြောကြားခဲ့သည်။

ပိုမို လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှု ယန္တရားများ ထူထောင်ရန်၊ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ ရန်ပုံငွေရှာဖွေရေး၊ ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်ဖူလုံရေးစသည့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စိန်ခေါ်မှုများကို ပိုမိုကောင်းမွန်အောင်ကိုင်တွယ်ဖြေရှင်းရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအား ပံ့ပိုးကူညီရန် အထူး လိုအပ်ကြောင်း ဝန်ကြီးချုပ်လီက အလေးအနက် ပြောကြားသည်။

စစ်မှန်သော နိုင်ငံစုံဝါဒကို ကျင့်သုံးရန်၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များ တည်ဆောက်ရန်နှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် ဘေးကင်းပြီးတည်ငြိမ်သော နိုင်ငံတကာပတ်ဝန်းကျင်ကို ဖန်တီးရန် လိုအပ်ကြောင်းကိုလည်း ၎င်းက အလေးအနက် ပြောကြားသည်။

ဂျီ-၂၀ သည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အဖွဲ့အစည်းဖြစ်ကြောင်း ပြသရန်၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော လူသားများကို ဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် ဉာဏ်ရည်တုကဲ့သို့သော ဒစ်ဂျစ်တယ်နည်းပညာများကို အသုံးချခြင်းသည် လူသားများ၏ စွမ်းရည်ဖွံ့ဖြိုးမှုကို မြှင့်တင်ပေးရန် အာမခံချက်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဆင်ဟွာ**

# ပီရူးနိုင်ငံ၌ ရထားလမ်းချော်မှုကြောင့် တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

**လီမာ စက်တင်ဘာ ၁၀**

ပီရူးနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက မြေပြိုမှုကြောင့်ကုန်တင်ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားခဲ့ရာ အလုပ်သမားတစ်ဦး သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။

အဆိုပါရထားသည် ကူစကိုမြို့ အိုလမ်တေတမ်ဘို မာချူပီချူလမ်းကြောင်းတွင် မြေပြိုမှုအပြီး လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ပီရူးရထားကုမ္ပဏီမှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ သေဆုံးသွားသူမှာ ရထားမန်နေဂျာဖြစ်ပြီး ဒဏ်ရာရရှိသူနှစ်ဦးမှာလည်း ရထားအမှုထမ်းများဖြစ်ကြသည်။

ဒဏ်ရာရရှိသူနှစ်ဦးမှာ လတ်တလောတွင် ဆေးကုသမှုခံယူနေသည်။ ရထားလမ်းချော်မှု ဖြစ်ပွားခဲ့သည့်နေရာမှာ ခရီးသွားများသွားလာမှုများသည့် အော်ဂွပ်ကယ်လီယန်တီမြို့သို့ အမြန်သွားရောက်နိုင်သည့် လမ်းလည်းဖြစ်သည်။

**ဆင်ဟွာ**



ငလျင်ကြောင့် အပျက်အစီးများကို တွေ့ရစဉ်။

# မော်ရိုကိုနိုင်ငံ၌ ငလျင်ကြောင့်သေဆုံးသူ ၂၀၀၀ ကျော်ရှိပြီး ဒဏ်ရာရသူ ၂၀၅၉ ဦးရှိ

**ရာဘတ် စက်တင်ဘာ ၁၀**

မော်ရိုကိုနိုင်ငံတွင် စက်တင်ဘာ ၈ ရက် ညပိုင်းက လှုပ်ခဲ့သည့် ငလျင်ကြောင့် သေဆုံးသူဦးရေ ၂၀၀၀ ကျော်ရှိပြီဟု နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြသည်။

ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး မော်ရိုကိုအလယ်ပိုင်း မယ်ရာကက်ရှ်မြို့ ၇၀ ကီလိုမီတာအကွာကို ဗဟိုပြုသည်ဟု အမေရိကန် ဘူမိဗေဒလေ့လာရေးအစီရင်ခံစာအရ သိရသည်။ ငလျင်ကြောင့် သေဆုံးသူ ၂၀၁၂ ဦးရှိပြီး ဒဏ်ရာရရှိသူ ၂၀၅၉ ဦးရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်ကို ကိုးကားကာ နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြထားသည်။ မယ်ရာကက်ရှ်မြို့တွင် လျှပ်စစ်မီးပြတ်တောက်နေပြီး စားသောက်ဆိုင်များနှင့် စီးပွားရေးလုပ်ငန်းများ ဖွင့်ဆဲဖြစ်သည်။

သို့သော်လည်း မြို့ဟောင်းဘက်ရှိကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နေရာတွင် အဆောက်အအုံများမှာ ပျက်စီးနေသည်။ မယ်ရာကက်ရှ်မြို့ အနီးတစ်ဝိုက်မှ ဒဏ်ရာရရှိသူများ ရောက်လာသည်ဟု အသက် ၂၉ နှစ်အရွယ် ဆရာဝန်တစ်ဦးက ပြောသည်။ အကူအညီများ ထပ်မံလိုအပ်ပြီး သွေးလှူဒါန်းမှုအဓိက လိုအပ်နေသည်ဟု ၎င်းကဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အောင်လံကုန်စည်ဒိုင်၌ ပဲသီးနှံများ အရောင်းအဝယ်ဖြစ်လျက်ရှိ

မကွေးတိုင်းဒေသကြီး အောင်လံကုန်စည်ဒိုင်၌ နှမ်းဈေးနှုန်းအနေဖြင့် နှမ်းနက် (စမုန်) ၄၅ ပိဿာပါ တစ်အိတ်လျှင် ဩဂုတ်လ (တတိယပတ်)တွင် ကျပ် ၃၁၀၀၀၀ မှ ၃၅၀၀၀၀ ဖြင့်လည်းကောင်း၊ ဩဂုတ်လ (စတုတ္ထပတ်)တွင် ကျပ် ၂၈၅၀၀၀ မှ ၃၅၀၀၀၀ ဖြင့် အိတ်ရေ ၂၃၀၀ ကိုလည်းကောင်း၊ နှမ်းနီဈေးနှုန်းမှာ ၄၅ ပိဿာပါ တစ်အိတ်လျှင် ဩဂုတ်လ (စတုတ္ထပတ်)တွင် ယခင်အပတ်ဈေးနှုန်းအတိုင်း ကျပ် ၃၁၅၀၀၀ ဖြင့် အိတ်ရေ ၅၂၀ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း အောင်လံကုန်စည်ဒိုင်မှ သိရသည်။

ပဲမျိုးစုံဈေးကွက်၌ ဩဂုတ်လ (စတုတ္ထပတ်)တွင် မတ်ပဲ ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၇၇၀၀၀၊ ကုလားပဲ (H-L) တစ်တင်းလျှင် ကျပ် ၉၃၀၀၀၊ ပဲကြီးတစ်တင်းလျှင် ကျပ် ၉၅၀၀၀- ၁၀၀၀၀၀၊ ကုလားပဲ (မြကြေး) တစ်တင်းလျှင် ကျပ် ၉၂၀၀၀၊ ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၄၃၀၀၀-၅၃၀၀၀၊ ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁၁၀၀၀၀၊ မြေပဲလုံးဆန် (ဖြူ) တစ်ပိဿာလျှင် ကျပ် ၆၉၀၀ မှ ၇၀၀၀၊ မြေပဲလုံးဆန် (နီ) တစ်ပိဿာလျှင် ကျပ် ၉၀၀၀ နှင့် မြေပဲတောင့်(အစို) တစ်တင်းလျှင် ကျပ် ၁၈၀၀၀ မှ ၁၉၀၀၀ ဖြစ်ကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တစ်ပတ်အတွင်း ပိဿာ ၃၀ ဝင် အိတ်များဖြင့် မတ်ပဲ အိတ် ၂၂၀၊ ကုလားပဲ(H-L) အိတ် ၄၀၀၊ ပဲကြီး အိတ် ၃၆၀၊ ကုလားပဲ (မြကြေး) အိတ် ၃၃၀၊ ပဲတီစိမ်း အိတ် ၉၀၀၊ ပဲစင်းငုံ (နီ) အိတ် ၃၂၀၊ မြေပဲလုံးဆန်(ဖြူ) အိတ် ၄၃၀၊ မြေပဲလုံးဆန်(နီ) အိတ် ၁၇၀၊ မြေပဲတောင့် (အစို) တင်း ၃၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ နှမ်းနှင့် ပဲမျိုးစုံသီးနှံများကို ရန်ကုန်မြို့နှင့် မန္တလေး မြို့များသို့ တင်ပို့ရောင်းချကြောင်း အောင်လံကုန်စည်ဒိုင်မှ သိရသည်။




DOCA (မကွေး)

## ဆိပ်ဖြူကြက်သွန်နီ ဈေးနှုန်းဈေးကွက်နှင့် စီးဆင်းမှုအခြေအနေ

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ကြက်သွန်နီကုန်စည်ဒိုင်၌ ဩဂုတ်လ (ပထမပတ်)မှစတင်၍ ကြက်သွန်နီ ဈေးနှုန်းများ မြင့်တက်လာကြောင်း သိရသည်။ ဈေးနှုန်းအနေဖြင့် ဩဂုတ်လပထမပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် အမြင့်ဈေးမှာ ၂၀၇၅ ကျပ်၊ အနိမ့်ဈေး ကျပ် ၁၈၀၀ ဖြင့်လည်းကောင်း၊ ဒုတိယပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၂၃၅၀၊ အနိမ့်ဈေးကျပ် ၂၀၀၀ ဖြင့် လည်းကောင်း၊ တတိယပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၃၀၀၀၊ အနိမ့်ဈေး ကျပ် ၂၈၀၀ ဖြင့်လည်းကောင်း၊ စတုတ္ထပတ်တွင် ကြက်သွန်နီ တစ်ပိဿာလျှင် အမြင့်ဈေး ကျပ် ၃၂၅၀၊ အနိမ့်ဈေး ကျပ် ၂၈၅၀ ဖြင့်လည်းကောင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူကြက်သွန်နီ ဈေးကွက်အတွင်း ဩဂုတ်လ(တတိယပတ်)မှစတင်၍ ပြည်ပအဝယ်လိုက်ကာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ပြည်ပဝယ်လက်များက ကြက်သွန်နီများကို ဒေသတွင်းအထိ လာရောက်၍ တိုက်ရိုက်ဝယ်ယူပြီး တရုတ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့လျက်ရှိသည့်အတွက် ဩဂုတ်လ (စတုတ္ထပတ်)မှစတင်၍ ရန်ကုန် (ဘုရင့်နောင်ကုန်စည်ဒိုင်) သို့ ကြက်သွန်နီ တင်ပို့မှု လျော့နည်းသွားကြောင်း ဈေးကွက်မှ သိရသည်။



ဆိပ်ဖြူမြို့နယ်မှ ထွက်ရှိသည့် ကြက်သွန်နီများကို ရန်ကုန် (ဘုရင့်နောင်ကုန်စည်ဒိုင်)၊ ပြည်၊ ပုသိမ်မြို့များအပြင် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများသို့ နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှုအနေဖြင့် ဩဂုတ်လအတွင်း ရန်ကုန်(ဘုရင့်နောင်ကုန်စည်ဒိုင်) သို့ ကြက်သွန်နီ ပျမ်းမျှပိဿာချိန် ခြောက်သိန်း၊ အိတ်ရေအားဖြင့် နှစ်သောင်း၊ မူဆယ်မြို့သို့ ပိဿာချိန် သုံးသိန်းခန့်၊ အိတ်ရေအားဖြင့် တစ်သောင်း၊ မြဝတီမြို့သို့ ပိဿာချိန် နှစ်သိန်း၊ အိတ်ရေအားဖြင့် ခုနစ်ထောင်၊ မော်လမြိုင်မြို့သို့ ပိဿာချိန် သုံးသိန်းခန့်၊ အိတ်ရေအားဖြင့် တစ်သောင်း၊ ပြည်မြို့သို့ ပိဿာချိန် တစ်သိန်းခန့်၊ အိတ်ရေအားဖြင့် သုံးထောင်၊ ပုသိမ်မြို့သို့ ပိဿာချိန် တစ်သိန်းခန့်၊ အိတ်ရေအားဖြင့် သုံးထောင် စုစုပေါင်း ကြက်သွန်နီပိဿာချိန် ၁၆ သိန်းခန့်၊ တန်ချိန်အားဖြင့် ၂၆၁၃ တန်ခန့် ဆိပ်ဖြူမြို့မှ ကုန်စည်စီးဆင်းခဲ့ကြောင်း ကြက်သွန်နီဈေးကွက်မှ သိရသည်။

DOCA(စစ်ကိုင်း)

## လွိုင်ကော်ဈေးကွက်အတွင်း ချင်းဈေးနှုန်းများကျဆင်း

ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ကုန်းသာကျေးရွာနှင့် ကယားပြည်နယ်အနောက်ပိုင်းရှိ လွိုင်နန်းဖကျေးရွာ၊ ပန်ပတ်ကျေးရွာ၊ လိုဘာခိုကျေးရွာ၊ဒေါရောက်ခူကျေးရွာများတွင် ချင်းကို အဓိက စိုက်ပျိုးလျက်ရှိသော်လည်း ယခုအချိန်တွင် ဒေသအခြေအနေအရ စိုက်ပျိုးနိုင်ခြင်းမရှိသည့်အတွက် ရှမ်းပြည်နယ်အတွင်းရှိ ပင်လောင်းမြို့၊ ဆီဆိုင်မြို့၊ ဆိုက်ခေါင်မြို့နှင့်ဖယ်ခုံမြို့များမှ မှာယူတင်သွင်း ရောင်းချလျက်ရှိကြောင်း သိရသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(ပထမပတ်)တွင် ချင်းတစ်ပိဿာလျှင် ကျပ် ၄၅၀၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိပြီး ဩဂုတ်လ (ပထမပတ်)တွင် ချင်းတစ်ပိဿာလျှင် ကျပ် ၅၅၀၀ မှ ကျပ် ၆၀၀၀ အထိ ရောင်းချခဲ့ရာ စက်တင်ဘာလ(ပထမပတ်)နှင့် ဩဂုတ်လ (ပထမပတ်) ဈေးနှုန်းများ နှိုင်းယှဉ်လျှင် ချင်းတစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၁၅၀၀ အထိ ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း၊ ထိုသို့ ဈေးနှုန်းကျဆင်းလာရခြင်းမှာ ချင်းစိုက်ဧကများပြားလာခြင်းကြောင့် ကျဆင်းခြင်းဖြစ်ကြောင်း နောင်ယားဈေးအတွင်းရှိ ချင်းရောင်းချသူ တစ်ဦးထံမှ သိရသည်။

DOCA (ကယား)



## မော်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

**မော်တော စက်တင်ဘာ ၁၀**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စက်တင်ဘာလ လျာထားချက်မှာ ပို့ကုန် ၁ ဒသမ ၅၀၀ အမေရိကန် ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၀၄၀ အမေရိကန်ဒေါ်လာသန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ၁ ဒသမ ၅၄၀ အမေရိကန် ဒေါ်လာသန်းဖြစ်ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ) အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၀ ဒသမ ၂၆၈ အမေရိကန်ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ ၀ ဒသမ ၂၆၈ အမေရိကန် ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်အပေါ် ၁၇ ဒသမ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

မော်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ)တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ ချင်း(အစို) ၅၅ တန်၊ ကွမ်းသီး ၁၉ တန်၊ တညင်းသီး ရှစ်တန်၊ ငါးမြစ်ချင်း ၁၄၆ ဒသမ ၇၄၄ တန်၊ ငါးနီတူခြောက် တစ်တန်၊ ငါးစုံလေးခြောက် ၁၂ တန်၊ ငါးခေါင်းပွ ၃၂ ဒသမ ၁၈၅ တန်၊ ဆီးယိုထုပ် ရှစ်တန်၊ ထွန်းရွှေဝါလိမ်းဆေး ၁ ဒသမ ၅ တန်၊ သနပ်ခါးခဲ နှစ်တန်နှင့် မုန့်ဖတ်ခြောက် ၀ ဒသမ ၅ တန် တင်ပို့ခဲ့သည်။

မော်တောကုန်သွယ်ရေးစခန်းသို့ ကုန်ပစ္စည်းများ ဝင်ရောက်သည့် ကုန်သွယ်မှုလမ်းကြောင်းအနေဖြင့် စစ်တွေ - အင့ူမော် - မော်တော လမ်းကြောင်းမှ ကုန်ပစ္စည်းများ အဓိကဝင်ရောက်လျက်ရှိပြီး ကညင်ချောင်း စီးပွားရေးဇုန်မှတစ်ဆင့် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနပ်သို့ တင်ပို့လျက်ရှိသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၆ ရက် ၁၁ နာရီအချိန် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၉၈၀ ကျပ်၊ ၁၁၇ တာကာ၊ ကျပ် ၁၀၀ လျှင် ၄ တာကာ၊ ၁ တာကာလျှင် ကျပ် ၂၉ ဒသမ ၈၀ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

မော်တောကုန်သွယ်ရေးစခန်း



## ကျောက်ပန်းတောင်းမြို့နယ်၌ ကျေးလက်နေတောင်သူများ သခွားသီးများကို ပိုမိုစိုက်ပျိုးလာ

**ညောင်ဦး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများ စိုက်ပျိုးသည့် သခွားသီးများ လှိုင်လှိုင်ပေါ်ချိန် ဈေးနှုန်းကောင်းနေခြင်းကြောင့် စိုက်ပျိုးသည့် တောင်သူများ အဆင်ပြေတွက်ခြေကိုက်နေကြောင်း သခွားစိုက်ပျိုးတောင်သူ မုန့်ကုန်းကျေးရွာ ဦးနေမျိုးထွန်းထံမှ သိရသည်။

သခွားစိုက်ပျိုးခြင်းအား ကျောက်ပန်းတောင်းမြို့နယ် ပတ်ဝန်းကျင်ကျေးရွာများဖြစ်ကြသော လက်ပံအိုင့်ကျေးရွာ၊လဲ့ဂွကျေးရွာ၊ ညောင်ဖြူပင်ကျေးရွာ၊ ကုန်းတဲကျေးရွာ၊ မုန့်ကုန်းကျေးရွာနှင့် ဆပ်ပြာကျင်းကျေးရွာများသည် သခွားစိုက်ပျိုးကြသည့် ကျေးရွာများဖြစ်ကြောင်း သိရသည်။ သခွားသီးစိုက်ပျိုးရာတွင် နှစ်ပေခြား စိုက်ပျိုးပေးရကြောင်း၊ တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးပြီး အပင်၏နွယ်အား တိုင်ထောင်ကာ အလျားအတန်းထားသည့် ထုပ်တန်းပေါ်ရှိစေခြင်းဖြင့် အသီးသီးစေသော စိုက်ပျိုးနည်းသခွားဖြစ်ကြောင်း၊ စိုက်ပျိုးပြီး တစ်လပြည့်လျှင် အဖူး၊ အပွင့်ပွင့်ကာ အသီးစတင်သီးကြောင်း၊ အသီးစတင်ပေါ်ချိန်မှစကာ သုံးရက်တစ်ကြိမ်ဆွတ်ခူးရပြီး ရေသွင်းသည့်အခါ မြောင်းစနစ်ဖြင့် ရေသွင်းမှသာ အဆင်ပြေကြောင်း ထွက်ရှိလာသည့် သခွားသီးများအား ကျောက်ပန်းတောင်းမြို့ မြို့မဈေးသို့ သွားရောက်ရောင်းချခြင်း၊ ကုန်စိမ်းပွဲစားများ အခင်းအထိ လာရောက်ဝယ်ယူကြပြီး မကွေးမြို့၊ နတ်မောက်မြို့၊ ချောက်မြို့၊ ညောင်ဦးမြို့များမှ သခွားဖောက်သည်များအား ပြန်လည်တင်ပို့ရောင်းချကြောင်း သိရသည်။

ဒီပါလင်း



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့ ညဈေးဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်



**စစ်တွေ စက်တင်ဘာ ၁၀**
ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် စစ်တွေမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ပြုလုပ်သည့် ညဈေးဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက် ညနေပိုင်းက စစ်တွေမြို့ ကမ်းနားလမ်းနှင့် အကောက်ရုံလမ်းဆုံ သံပုရာသီးခွဆုံ၌ ကျင်းပရာ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးက ညဈေးတန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ မြို့မိ မြို့ဖများနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ညဈေးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ညဈေးတန်းတွင် ဈေးဆိုင်တန်းများ ဖွင့်လှစ်ရောင်းချနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ညဈေးဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ရခိုင်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့နှင့် ရခိုင်အဆိုတော်များ ကပြဖျော်ဖြေသီဆိုနေမှုကို ကြည့်ရှုအားပေးကြသည်။

**မြို့သန့်ရှင်းသာယာ လှပရေး**

စစ်တွေမြို့ ညဈေးတန်းကို စစ်တွေမြို့တွင်း အဓိကလမ်းများ၌ ကျူးကျော် ဈေးရောင်းချနေသူများကြောင့် မြို့သန့်ရှင်းသာယာလှပရေးကို ထိခိုက်မှုမရှိစေရန်၊ လမ်းဘေးဈေးရောင်းချသူများ၏ စားဝတ်နေရေး အဆင်ပြေစေရန်၊ မြို့နယ် ပြည်သူလူထုအတွက် လိုအပ်သည့် ညဈေးတန်းတစ်ခု စနစ်တကျ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။


လက်ရှိတွင် ညဈေးတန်းကို ဆိုင်ခန်းပေါင်း ၈၃ ခန်းဖြင့် စတင်ဖွင့်လှစ်ခြင်းဖြစ်ပြီး ဈေးစည်ကားမှုအပေါ် မူတည်၍ လိုအပ်ပါက တိုးချဲ့နေရာချထားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

**ရောင်းချလျက်ရှိ**

အဆိုပါ ညဈေးတန်းတွင် အစားအသောက်ဆိုင်ခန်း ၂၀၊ မုန့်ပဲသရေစာဆိုင်ခန်း ၃၃ ခန်း၊ လူသုံးကုန်ပစ္စည်းဆိုင်ခန်း ၂၄ ခန်းနှင့် အခြားအထွေထွေဆိုင်ခန်း ၁၀ ခန်းတို့ကို နေရာသတ်မှတ်ပေးကာ ရောင်းချလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း**
(ပြန်/ဆက်)

# ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ သွားရောက်ကွင်းဆင်းဆေးကုသမှုများဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၀**
ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးနှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်တို့မှ နှလုံးရောဂါ ဆေးပညာ၊ အထွေထွေရောဂါဆေးပညာ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆေးပညာ၊ ဆီးနှင့်ကျောက်ကပ် ဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ပညာ၊ ဆီးချိုနှင့် ဟော်မုန်းဆေးပညာ၊ သွေးရောဂါဆေးပညာ၊ အရိုးအကြောအဆစ်ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများပါဝင်သည့်အထူးကုဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာနအစီအစဉ်ဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့သွားရောက်၍ ပြည်သူ့ဆေးရုံကြီး မြိတ်မြို့မှ အထူးကုဆရာဝန်များနှင့်အတူ ဒေသခံပြည်သူများကို ဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

**စမ်းသပ်စစ်ဆေး ကုသပေး**

အဆိုပါခရီးစဉ်အတွင်း နှလုံးရောဂါဆိုင်ရာ ၂၄၄ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ၁၂၄ ဦး၊ ဦးနှောက်နှင့် အာရုံကြောဆေးကုသမှုဆိုင်ရာ ၂၃၃ ဦး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ ၂၂ ဦး၊ ဆီးနှင့် ကျောက်ကပ်ရောဂါဆိုင်ရာ ၇၉ ဦး၊ သွေးရောဂါဆိုင်ရာ ၄၉ ဦး၊ ဆီးချိုနှင့် ဟော်မုန်းဆိုင်ရာ ၁၃၉ ဦး၊ အထွေထွေရောဂါဆေးပညာဆိုင်ရာ ၁၄၄ ဦး၊ အရိုးအကြောအဆစ်ရောဂါဆိုင်ရာ ၁၈၉ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၁၂၁၃ ဦးတို့ကို ကြည့်ရှုကုသမှုပေးခဲ့ပြီး နှလုံးပုံရိပ်ဖော်စက်ဖြင့်ကြည့်ရှုခြင်း ၃၈ ဦး၊ အစာအိမ်နှင့် အူလမ်းကြောင်းမှန်ပြောင်းကြည့်ရှုခြင်း ငါးဦး၊ ခါးရိုးဆစ်မှ အရည်ဖောက်ထုတ်စမ်းသပ်စစ်ဆေးခြင်း တစ်ဦး၊ အရိုးအဆစ်အတွင်းဆေးထိုး၍ ကုသမှုပေးခြင်း နှစ်ဦး၊ ကွန်ပျူတာဓာတ်မှန်ဖြင့် စစ်ဆေးခြင်း ၁၀ ဦး၊ ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း ၇၂ ဦး၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း ၅၀၅ ဦး၊ Ultrasound ရိုက်ကူးခြင်း ၉၂ ဦး၊ နှလုံးစက်ဖြင့်စစ်ဆေးခြင်း (ECG) ၂၃၅ ဦး၊ သွေးချိုဓာတ် (HbA1C) တိုင်းတာခြင်း ၁၁၁ ဦးတို့ကို စမ်းသပ်စစ်ဆေး ကုသပေးနိုင်ခဲ့သည်။

လာရောက်ပြသသော လူနာများတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ မြိတ်၊ ပုလော၊ တနင်္သာရီနှင့် ကျွန်းစုမြို့နယ်များမှ မြို့ပေါ်နှင့် ကျေးလက်နေပြည်သူများပါဝင်ပြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ လူနာနှစ်ဦးနှင့် နှလုံးရောဂါဆိုင်ရာ လူနာခြောက်ဦးတို့ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆက်လက်ကုသမှု ခံယူနိုင်စေရေး လွှဲပြောင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထို့ပြင် အစာအိမ်အူလမ်းကြောင်းဆေးပညာ၊ ဦးနှောက်နှင့် အာရုံကြောဆေးပညာနှင့် ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများက သက်ဆိုင်ရာ အတွင်းလူနာများကို ကြည့်ရှုပြီး ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဒေသခံအထူးကုဆရာဝန်ကြီးများနှင့် ဆွေးနွေးခဲ့ကြသည်။

**ကြည့်ရှုအားပေး**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာဦးနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့နံနက်ပိုင်းက ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့၌ လာရောက်ပြသကုသမှု ခံယူကြသော လူနာများကို ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** နေ့လယ်စာ စားသောက်ဖွယ်ရာနှင့် သောက်ရေသန့်များ လှူဒါန်းသည်။ ယင်းနောက် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများကို ကျေးဇူးတင်စကားပြောကြားကာ ဒေသထွက်လက်ဆောင် ပေးအပ်သည်။

ညပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးသန့်ဇင်သည် ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများနှင့် ညစာအတူတကွ သုံးဆောင်သည်။

**ဆေးကုသမှုများဆက်လက်ဆောင်ရွက်မည်**

အထူးကုဆေးကုသရေးအဖွဲ့များသည် ၂၀၂၃ ခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ သုံးကြိမ်နှင့် ပုသိမ်မြို့၊ တောင်ကြီးမြို့၊ မကွေးမြို့၊ ပြည်မြို့နှင့် မိတ္ထီလာမြို့များသို့ သွားရောက် ဆေးကုသမှုများ ဆောင်ရွက်ပြီးဖြစ်ကာ ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၁၀**
ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း၊ ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်း မိသားစုများက ဝမ်းသာအားရဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော်  စက်တင်ဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Tun Tun Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဆံတော်ရပ်ကွက်နေ ထွန်းထွန်းဝင်းအား ည ၇ နာရီခွဲတွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန် - မော်လမြိုင်အမှတ်(၈၉)အဆန်ရထားနှင့် အမှတ်(၉၀)အစုန်ရထား ဖျက်သိမ်း

**ရန်ကုန်  စက်တင်ဘာ ၁၀**

ရန်ကုန်မှ မော်လမြိုင်သို့ပြေးဆွဲနေသော အမှတ်(၈၉) အဆန်ရထားနှင့် မော်လမြိုင်မှ ရန်ကုန်သို့ပြေးဆွဲနေသော အမှတ်(၉၀)အစုန်ရထားတို့ကို စက်တင်ဘာ ၁၁ ရက်မှစ၍ ဖျက်သိမ်းသွားမည်ဖြစ်ပြီး ရန်ကုန်မှ မော်လမြိုင်သို့ နံနက် ၆ နာရီခွဲထွက်ခွာသော အမှတ် (၈၁) အဆန်အမြန်လူစီးရထားနှင့် မော်လမြိုင်မှ ရန်ကုန်သို့ နံနက် ၈ နာရီခွဲထွက်ခွာသော အမှတ်(၈၂) အစုန်အမြန်လူစီးရထားတို့ကို လေအိတ်ရထားတွဲဆိုင်းဖြင့် တစ်ရက်၊ ရိုးရိုးရထားတွဲဆိုင်းဖြင့် တစ်ရက်၊ တစ်ရက်ခြားစီ ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ရထားလက်မှတ်များကို ယခင်အတိုင်း အထက်တန်းလက်မှတ်ကို သုံးရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်များကို တစ်ရက်ကြိုတင်၍လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ပြီး တိုးကြောင်ကလေး၊ ပဲခူး၊ ဝေါ၊ သိမ်ဇရပ်၊ မုပ္ပလင်၊ ကျိုက္ကသာ၊ ကျိုက်ထို၊ မရမ်းကုန်း၊ တောင်စွန်း၊ နှင်းပုလဲ၊ သိမ်ဆိပ်၊ သထုံ၊ ရင်းငြိမ်၊ ဇင်းကျိုက်၊ ပေါင်၊ မုတ္တမဘူတာများသို့ ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်ထွဋ် (မော်လမြိုင်)**

❒ *ကျောဖုံးမှ*

သို့ဖြစ်၍ မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းလာနိုင်ခြင်းနှင့် အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်တို့ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## မျိုးဆက်သစ်အောင်လံလက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပ

**ရန်ကုန်  စက်တင်ဘာ ၁၀**

မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး 360 Sports ကစီစဉ်ကျင်းပသည့် မျိုးဆက်သစ် အောင်လံလက်ဝှေ့ပြိုင်ပွဲ 360 FIGHT CLUB V ဆီမီးဖိုင်နယ်ပွဲစဉ်များကို မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ တွဲဆိုင်း ခြောက်ဆိုင်း ကျင်းပသည်။



အဆိုပါပြိုင်ပွဲဆီမီးဖိုင်နယ်များအဖြစ် အမျိုးသား ၅၄-၅၇ ကီလိုတန်းတွင် အောင်ရဲနိုင်(Power Punch)နှင့် ဂျာလ(Python)၊ စောကဲဒို(Holy Power)နှင့် ထူးစေးဝါး(ရွှေဖူး)ပြိုင်ပွဲများတွင် သူတင်ကိုယ်တင် အချီပြည့်ထိုးကြရာ ဒိုင်သုံးဦးက အမှတ်ဖြင့်ဆုံးဖြတ်ကြကာ အောင်ရဲနိုင်နှင့် စောကဲဒိုတို့ကို အနိုင်ပေးလိုက်သည်။ အမျိုးသား ၆၀-၆၃ ဒသမ ၅ ကီလိုတန်းများတွင် လောကွားဒူး(တော်ဝင်ရိုးရာ)က ဝင်းဗိုလ်(ရာဇဓိရာဇ်)ကို ဒုတိယအချီ၌ အလဲထိုးနိုင်ခဲ့ပြီး ဂေးဒို(STL)နှင့် ဂေါ်ဒိုထူး(ရိုးရာကျား)ပြိုင်ပွဲ၌ သုံးချီပြည့်ထိုးကြသော်လည်း ဒိုင်သုံးဦးက အမှတ်ဖြင့် ဆုံးဖြတ်ကာ ဂေါ်ဒိုထူးကို အနိုင်ပေးလိုက်သည်။ ထို့ပြင် ၆၇-၇၁ ကီလိုတန်းများတွင် အာကာဖြိုး(Tiger Gym)နှင့် မိုက်မိုက်(ရွှေမအူပင်)တို့ပွဲတွင် ဒိုင်သုံးဦးက အမှတ်ဖြင့် အာကာဖြိုးကို အနိုင်ပေးလိုက်သည်။

ဇော်သက်နောင်(Knight)နှင့် မြတ်သူ (ကျားဘုရင်)တို့ ယှဉ်ပြိုင်ပွဲတွင် ဇော်သက်နောင်၏ လက်သီးထိုးချက်ကြောင့် ပထမအချီတွင် မြတ်သူ အမှတ်စဉ်ရေတွက်ခံရပြီး ဒုတိယအချီတွင်လည်း မြတ်သူ အမှတ်စဉ် ရေတွက်ခံရပြီး အရှုံးပေးလိုက်ရသည်။ ဆီမီးဖိုင်နယ်ပြိုင်ပွဲမှ အနိုင်ရရှိသူများသည် ဗိုလ်လုပွဲတက်ရောက်သွားပြီး အောက်တိုဘာ ၈ ရက်တွင် ပြိုင်ပွဲများကျင်းပမည်ဖြစ်သည်။ **အာကာစိုး၊ ဓာတ်ပုံ-တင်စိုး**

❖ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် ဖိုက်အွန်ဘိုင်နာအနေဖြင့် ပထမပွဲထက် ပိုကောင်းသည့် ခြေစွမ်း၊ ကစားကွက်ဖြင့် ကစားနိုင်ရန် စွမ်းဆောင်ရမည်ဖြစ်ပြီး ကစားသမားများအနေဖြင့် စွမ်းဆောင်ရည်ကောင်းများပြသနိုင်ရန် လိုအပ်နေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား ပထမအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နီပေါအသင်းနှင့် ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပထမအဆင့်တွင် မကာအိုအသင်းနှင့် တွေ့ဆုံနေပြီး အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ-သော်လေး**



ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြည်သူ့အကျိုးပြုဆောင်ရွက်မှုအဖြစ် ဖယ်ခုံမြို့ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်လွင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၉ ရက်က ဆောင်ရွက်စဉ်။
စိုင်းသန်းကျော်(တောင်ကြီး)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က ပဲခူးတိုင်းဒေသကြီး သတင်းရဲတပ်ဖွဲ့ အမှတ်(၈)တပ်ဖွဲ့ခွဲ(ပဲခူး)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်ချစ် ဦးဆောင်သော တပ်ဖွဲ့ဝင်များ ပဲခူးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။ မောင်ကျော်ကြီး

## ရေဝတီနှင့် ငဝန်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော်  စက်တင်ဘာ ၁၀**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိပ်သာမြို့၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**




## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ ၁ နှင့် ၅ )
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၂

| (တရားလိုများ) | နှင့် | (တရားပြိုင်များ) |
|---|---|---|
| ၁။ ဒေါ်ခင်လေးသွယ် | | ၁။ ဦးခင်မောင်လတ် |
| ၂။ ဦးဝင်းမြင့် | | ၂။ ဦးဇေယျာလွင်(ကိုယ်တိုင်နှင့် ၁၊ ၃၊ ၄၊ ၆ တရားပြိုင်များ၏ ကိုယ်စားလှယ်စာရသူ) |
| ၃။ ဒေါ်ခင်လေးငယ် | | ၃။ ဒေါ်သစ်သစ် |
| ၄။ ဒေါ်ခင်လေးမြင့် | | ၄။ ဒေါ်ဖြူဖြူဝင်း |
| | | ၅။ ဦးအောင်စိုးမင်း(ခ)ငှက်ကြီး |
| | | ၆။ ဦးအငယ်လေး |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၇၆လမ်းနှင့် ၇၇လမ်းကြား၊ အမှတ်(၁၀၁/က) နေ (၅)တရားပြိုင် ဦးအောင်စိုးမင်း(ခ)ဦးငှက်ကြီး (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်လေးသွယ်ပါ-၄ဦး က တရားလိုများ အမွေဆက်ခံပိုင်ဆိုင်ပြီး လက်ရှိဖြစ်နေသော (Possessory)မြေနှင့်အဆောက်အအုံတို့ကို တရားဥပဒေနှင့်အညီမဟုတ်ဘဲ (In due Course of Law) ကျူးကျော်ဝင်ရောက် သူများအားနှင်ထုတ်ပြီး အချင်းဖြစ်မြေပေါ်မှ ဆောက်လက်စ အဆောက်အအုံအားဖျက်သိမ်းဖယ်ရှားပြီး လက်ရောက် ပြန်လည်ရလိုမှု (သို့မဟုတ်)သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၉အရ စွဲဆိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ရက်၊ (၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက်) နေ့မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( သုရသွင်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် ( RA – III / ကွက်ပြင် – ၃ )၊ ဦးပိုင်အမှတ် ( ၁၂၇ / င )၊ မြေဧရိယာ ဝ ဒမသ ဝ၇၆ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဝင်းဝင်းမာ ၉ / မရမ (နိုင်) ဝ၂၄၉ဝ၁ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ သရဖဏ်(၂)လမ်း၊ တိုက်အမှတ် (၂၈)၊ ၄-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား၁၂ပေခွဲxအနံ၅၀ပေ)ရှိ လူနေတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော ရေ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တိုက်ခန်းရောင်း ချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဒေါ်နော်စမ်းစမ်းအောင်(၁၄/ဟသတ(နိုင်)၂၂၇၄၃၂)နှင့် ဦးတိုးလွင်အောင်(၁၄/ငပတ(နိုင်)၀၀၀၅၂၁)တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမြင့်(၁၄/မအပ(နိုင်)၁၃၉၉၄၄)မှ တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ယခုကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုမူရင်း စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စုကေခိုင် (LL.B) ၊ အထက်တန်းရှေ့နေ(စဉ်-၄၃၁၄၉)
အမှတ်(၆)၊ ဒုတိယထပ်(A)၊ မြသီတာလမ်း၊ ကျွန်းမြောက်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၉-၄၄၀၉၉၅၅၉၉

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၂)ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦး၏ ၆လွှာ(ယာဘက်)၊ အကျယ်အဝန်း(၁၂ပေ×၄၀ပေ)ရှိ အခန်းကို ဦးမြသန်း(၁၂/သဃက(နိုင်)၀၁၇၆၅၄)နှင့် ဒေါ်စိုးစိုးသိုက်(၁၂/မဂတ(နိုင်)၀၃၇၀၃၀)တို့မှ ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုသောကြောင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဦးသက်အောင်စိုး(၉/ရမသ(နိုင်)၀၀၆၅၆၂)နှင့် ဒေါ်ခင်ထွေးမော်(၁၂/ရကန(နိုင်)၀၁၅၀၂၄)တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထားများနှင့်တကွ ကျွန်မထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းနန္ဒာသိန်း (LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၇၇၄၁)
အမှတ်(၉၇)၊ (၃+၄)လွှာ၊ ၁၀၁လမ်း၊ ဖိုးမြေရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ပဒေသာမြို့သစ်၊ ရ-၅၊ ပေ(၄၀+၃၀)ပေရှိ မြို့မြေချထားပေးသည့် အမိန့်အမှတ်စဉ်(1968)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်မ ဒေါ်သန်းအေး(ဘ)ဦးဘိုးခ ၉/မမန(နိုင်) ဝ၁၉ဝ၁၃ အမည်ဖြင့် မြေနေရာ ချထားပေးခဲ့သော မြေဖြစ်ပါသည်။

အဆိုပါမြေအား အထက်အမည်ပါ ကျွန်မ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ (သို့မဟုတ်) သိရှိခြင်းမရှိဘဲ မည်သည့်တစ်စုံတစ်ဦးကမှ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်း ဖြင့်စီမံခန့်ခွဲခြင်း များပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းအေး ၉/မမန(နိုင်)ဝ၁၉ဝ၁၃**
**အိမ်အမှတ် (ရ-၅) ၊ ပဒေသာမြို့သစ်**
**ရပ်ကွက်ကြီး ( ၈ ) ၊ ပြင်ဦးလွင်မြို့**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၀** –ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့နယ်၊ ကျောက္ကာမြောက်ကျေးရွာ၊ အကွက်အမှတ်နှင့်အမည် (၄၀၄-ခ/တောရကွင်း၊ ၄၀၂/ကျက်မ မြောက်ကွင်း)၊ ဦးပိုင်အမှတ်(F-257)၊ ဧရိယာ(၁.၃၄)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ်၊ ၃၆၅V၂၀၁၅-၂၀၁၆အရ (၈-၆-၂၀၁၆)မှ (၇-၆-၂၀၂၆)အထိ ဒေါ်တူး အမည်ဖြင့် နှစ်(၁၀)မြေငှားဂရန်ရရှိထားသော ဝင်းမြေအား ဦးထက်အောင်ကျော် အမည်ဖြင့် မြေငှားစာချုပ်(စက်မှုစီးပွားအမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(စက်မှုစီးပွားအမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ စံပါယ်(၂)လမ်း၊ မြေကွက်အမှတ်(၂၁၉/က)၊ အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ ဦးမြိုင်(TTE-141167) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ယဉ်ယဉ်မင်း ၁၁/တကန(နိုင်) ၀၅၉၂၃၀မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးကတိစာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးမင်းဌေး ၅/ရဥန(နိုင်) ၀၆၅၇၇၆**
**အမှတ်(၈၁၆)၊ တိမ်ညိုလမ်း၊ (၉)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီဌေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ - ၉ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၅၅ ကျပ် | ၂၆၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၇၅ ကျပ် | ၂၃၂၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

✻ ကျောဖုံးမှ

အများဆုံးလည်း ဖြစ်သည်။

မြောက်မက်ဆီဒိုးနီးယားအသင်းသည် ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရသော်လည်း သိသိသာသာ ကစားအားတက်လာခြင်းမရှိဘဲ အီတလီအသင်းကသာ ဆက်လက်ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၈၁ မိနစ်တွင် မြောက်မက်ဆီဒိုးနီးယားအသင်း ချေပဂိုးရရှိခဲ့ပြီး ဘာဒီက သွင်းယူပေးခဲ့သည်။

ယနေ့ပွဲစဉ်တွင် သရေကျခဲ့သောကြောင့် ၂၀၂၀ ယူရိုချန်ပီယံ အီတလီအသင်းသည် သုံးပွဲကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ရရှိထားသည်။ ပြိုင်ဘက် မြောက်မက်ဆီဒိုးနီးယားအသင်းက လေးပွဲ ကစားပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရလဒ်ရရှိထားသည်။

အီတလီအသင်းသည် စက်တင်ဘာ ၁၃ ရက်တွင် ပွဲစဉ် (၆) အဖြစ် ယူကရိန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါ ရက်တွင် မြောက်မက်ဆီဒိုးနီးယားအသင်းက မော်လ်တာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၉၂ | ၅၃၂၈၀၀၀ |
| MTSH | ၃၁၀၀ | ၃၁၅၀ | ၅၁၉၃ | ၁၆၃၄၉၉၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁၀၀ | ၇၅၀၀၀၀ |
| FPB | ၁၆၅၀ | ၁၇၀၀ | ၁၇၀ | ၂၈၅၅၅၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၀ | ၉၈၀၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၁၀၀ | ၁၈၀၀၀၀ |

ညီညီ - စုစည်းသည်

## တောင်ငူမြို့ မြို့မဈေးကြီး
## မီးဘေးသင့် ဆိုင်ခန်းရှင်များသိစေရန် ကြေညာခြင်း

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မီးဘေးသင့်မြို့မဈေးကြီး အား ဈေးသူ၊ ဈေးသားများမှ ကိုယ်ထူကိုယ်ထ ပြန်လည်ဆောက်လုပ်ရန် အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဈေးဆောက်လိုသော ဆိုင်ခန်းရှင် များအား အဖွဲ့ရုံးနှင့်ဆက်သွယ်၍ စိစစ်ဆောင်ရွက်ခဲ့ရာ အောက်ဖော်ပြပါ ဈေးရုံအလိုက် ဆိုင်ခန်းရှင်များမှ ဆက်သွယ်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါ သည်။

| စဉ် | ရုံအမှတ် | ဆိုင်ခန်းအမှတ် |
|---|---|---|
| ၁ | ၁ | ၁၊ ၂၊ ၃၊ ၈၊ ၉၊ ၁၀၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၈၊ ၂၉၊ ၄၉ |
| ၂ | ၂ | ၁၊ ၂၊ ၃၊ ၅၊ ၆၊ ၇၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၄၂၊ ၄၃၊ ၄၅၊ ၄၇၊ ၄၉၊ ၅၀၊ ၅၂၊ ၅၃၊ ရုံ၂ကပ်(၁) |
| ၃ | ၃ | ၇၊ ၈၊ ၉၊ ၁၄၊ ၃၃၊ ၄၈၊ ၄၉ |
| ၄ | D | ၂၂၊ ၂၃၊ ၂၆၊ ၂၇ |
| ၅ | B ကပ် | ၁၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄ |
| ၆ | E ကပ် | ၁၉၊ ၄၁၊ ၄၂၊ ၄၃ |
| ၇ | မင်္ဂလာ-၁ | ၂၈၊ ၁၂၀၊ ၁၂၁၊ ၁၄၈၊ ၁၄၉၊ ၁၅၀ |
| ၈ | မင်္ဂလာ-၂ | ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၇၊ ၆၇၊ ၇၂၊ ၇၃၊ ၇၄၊ ၉၁၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၅၉ |
| ၉ | ရတနာ-၁ | ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၁၃၃၊ ၁၄၈၊ ၁၅၅၊ ၁၅၆၊ ၁၅၇၊ ၁၅၈ |
| ၁၀ | ရတနာ-၂ | ၅၀၊ ၆၈၊ ၉၁၊ ၉၂၊ ၁၃၃၊ ၁၄၈၊ ၁၄၉ |
| ၁၁ | မင်္ဂလာကြား | ၂၉ |
| ၁၂ | ရတနာကြား | ၆၊ ၇၊ ၂၃၊ ၃၁ |

အထက်ဖော်ပြပါ ဆိုင်ခန်းရှင်များသည် ဈေးပြန်လည်ဆောက်လုပ်မည့် အပေါ် ၁၁-၉-၂၀၂၃ မှ ၂၄-၉-၂၀၂၃ရက်အတွင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့ရုံးနှင့် ဆက်သွယ်၍ ဆန္ဒပြုတင်ပြရန်နှင့် ဆက်သွယ်ဆောင်ရွက်မှုမရှိပါက ဈေးဆိုင်ခန်းမယူဟုမှတ်ယူ၍ အဖွဲ့မှတ်ပုံတင်စာရင်းမှ လျှော့ချသွား မည်ဖြစ်ပြီး ဈေးပြန်လည်ဆောက်လုပ်သည့်အခါ လျာထားဆောက်လုပ်မည် မဟုတ်ကြောင်း သိရှိစေရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တောင်ငူမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၀)၊ ဖိုးဝဇီရာလမ်း၊ မြေကွက်အမှတ်(၉၇၃)၊ ဧရိယာ ပေ(၄၀ x ၆၀)ရှိ ဦးအောင်နိုင်ကို အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင် ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးတိုး ၁၂/မဂတ(နိုင်) ၀၄၂၀၆၇ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၅၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၁)၊ ဦးငွေကိုင်လမ်း၊ မြေကွက်အမှတ်(၈၅၇)၊ ဧရိယာ ပေ(၄၀ x ၆၀)ရှိ ဒေါ်နှင်းဇာနည်ဝေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းဇာနည်ဝေ ၁၂/အစန(နိုင်) ၁၈၀၄၉၄ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက် အတွင်း ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၅၇၅)**
**ဖုန်း-၀၉-၄၂၃၇၂၅၅၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ ခိုင်ရွှေဝါ လမ်း၊ အမှတ် ၅၇၈၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၂ခန်းတွဲ၊ ၆ တိုက်၏ တတိယထပ်(၄)လွှာ၊ (ခေါင်းရင်းဘက်ခြမ်း)၊ အခန်းအမှတ်(အေ-၄)၊ အကျယ်(၁၉'x၅၅')ရှိ တိုက်ခန်းနှင့် တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ မွေးကဟ‌ဝန်ခံသူ ဦးထွန်းအောင် (၁၂/လသန(ဧည့်)၀၀၀၁၉၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမင်း(၈/ရနခ (နိုင်)၀၀၀၉၅၈)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ မည်သူမဆို အရောင်း အဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးသန့်(LL.B) (C.B.L)**
**အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၉၁၆/ခ၊ မာဃ ၁၂ လမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အထက(၂) ကျောက်တန်း Grade-12(A)မှ မဝတ်မှုံဖူး၏ ဖခင်အမည်မှန်မှာ ဦးဟန် သောင်း ၁၂/ပဇတ(နိုင်) ၀၂၈၃၆၉ ဖြစ်ပါကြောင်း။

**ဦးဟန်သောင်း**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံ တန်းမြို့နယ်၊ အထက ဖိုးခေါင်စု ကျောင်း Grade-12မှ မအိမွန် သွယ်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ထွန်း ၇/လပတ(နိုင်) ၀၉၉၆၃၅ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ထွန်း**

ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းအခန်း(၈) စည်းမျဉ်းအပိုဒ် ၅၆ အရခေါ်ယူသောအစည်းအဝေး

**မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)**

(Reg No.115482351 / Date. 28.6.2012) ၏

**နှစ်ပတ်လည်အထွေထွေအစည်းအဝေး (AGM) နှင့် အသင်းသားစုံညီအစည်းအဝေး**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) (Reg No.115482351 / Date. 28.6.2012) ၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး (AGM)နှင့် အသင်းသားစုံညီအစည်းအဝေးကို ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းအခန်း(၈) စည်းမျဉ်းအပိုဒ် ၅၆ အရ အစည်းအဝေးကျင်းပမည်ဖြစ်ပါ၍ ဧည့်သည်တော်များနှင့် အသင်းသူ/အသင်းသားများ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် * ၁၂-၉-၂၀၂၃ (အင်္ဂါနေ့)
ကျင်းပမည့်အချိန် * နံနက် (၉:၀၀)နာရီ
ကျင်းပမည့်နေရာ * Diamond Hall, Asia Plaza Hotel
၃၈ လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား။ ဗိုလ်ချုပ်လမ်းမ၊ ကျောက်တံတားမြို့နယ်

**အသင်းသားအသင်းသူများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်နိုင်ပါသည်။**

အသင်းရုံးချုပ် - အမှတ်(၁၇၃/၁၇၅)၊ အခန်း(၄၀၁)၊ ၅လွှာ၊ အလယ်တလောက်၊ ပန်းဆိုးတန်းလမ်းကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
Tel : 09-268800565, 09-796681916 Email : mresa.myanmar.baho.2012@gmail.com Facebook : mresa.myanmar.baho Facebook Page : Myanmar Real Estate Services Association

### အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)
### မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် - ၁၂၃

ဒေါ်သီတာဝင်း နှင့် ၁။ ဒေါ်မြကြည်
၂။ ဒေါ်အေး
၃။ မနုနု
၄။ ကိုဗိုလ်မင်း
၅။ မသွယ်သွယ်ဦး(ခ)မဘုတ်ဆုံ

**လျှောက်ထားသူများ** **လျှောက်ထားခံရသူများ**

၂၀၁၈ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁၆ ရက် နေ့စွဲပါ (ယခင်)မန္တလေးခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ် - ၂၆/၂၀၁၅ ကို အယူခံမှု။

အယူခံတရားပြိုင် ၅။မသွယ်သွယ်ဦး (ခ)မဘုတ်ဆုံ အိမ်အမှတ်(၄၉)၊ စိန်ပန်းလမ်းနှင့် သံလမ်းကြား၊ ၇၁-၇၂ လမ်းကြား၊ အကွက်အမှတ်(က-၆)၊ အမှတ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

ယခုအမှုတွင် (ယခင်)မန္တလေးခရိုင် တရားရုံးတော်က ချမှတ်ပေးသည့် ဒီကရီကို ဒေါ်သီတာဝင်းက အယူခံရာဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၃ခုနှစ်၊ အောက်တိုဘာလ(၆) ရက်၊ (၁၃၈၅ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၇)ရက်)နေ့တွင် ဆိုင်ဆိုရန်ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ် ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက် သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁ ၊ နည်းဥပဒေ ၂၂ အရ ချိန်းထား သည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်း ကြား အစီရင်ခံတင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေဒီဇင်ဘာအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

### ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ (၆) ရပ်ကွက်၊ ဟံသာဝတီလမ်း၊ ဟံသာဝတီအိမ်ရာ၊ တိုက်အမှတ်(ဘီ-၇)၊ အခန်းအမှတ်(၆၀၁)ဟုခေါ်တွင်သော အကျယ်အဝန်း (၇၀၀) စတုရန်းပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်ကွန်ဒိုတိုက်ခန်းကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီပိုင် အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပေါက် ပိုင်ဆိုင်ပြီး လက်ရှိလက်ရောက်နေထိုင်သူ ဒေါ်မေမာအောင်နိုင်(၁၂/ဥကတ(နိုင်) ၀၈၇၅၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ဇော်လတ်(၁၂/တမန(နိုင်)၀၈၁၈၆၉) က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် လာ ရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက် ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက် လက်အရောင်းအဝယ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘုမောင်(LL.B)(စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/13969, Honda Wave-110 ယာဉ်လက် ဝယ်ရှိသူ Easy Rider Matorbike Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါ က ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/70730, Honda Wave-100 ယာဉ်လက် ဝယ်ရှိသူ N.C.X Myanmar Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

### ငွေချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)
### သဃ်န်းကျွန်းခရိုင်တရားရုံးတော်
### ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၁၃

ဒေါ်မေဇာဝင်း နှင့် ၁။ ဦးသိန်းစိန်
၂။ ဦးမျိုးသန့်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ မြဝတ်ရည် လမ်း၊ အမှတ် (၁၂၇)နေ (၁)တရားပြိုင် ဦးသိန်းစိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ အရ ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးစေလိုမှု”နှင့်လျှောက်ထားစွဲဆိုသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက် (၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များ ကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက် တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ကွယ်လွန်သူစာရင်းပိုင်ရှင် ဦးဝင်းလှိုင်၏ စုငွေလက်ကျန်ကို မြန်မာ့ စီးပွားရေးဘဏ်(တမူးဘဏ်ခွဲ) တွင် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိ/မရှိ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်သူ တစ်စုံတစ်ရာမရှိပါက ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**လျှောက်ထားသူ- ကွယ်လွန်သူ၏ ဒုတိယဇနီး**
**ဒေါ်လှကြည်၅/တမန(နိုင်)၀၀၄၃၂၉**
**စန္ဒကူး(၈)ရပ်ကွက်၊ တမူးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၂)ရပ်ကွက်၊ ဗိုလ်မှူးဖိုးကွန်းလမ်းသွယ်၊ အကွက်(၄/ရခိုင်စု)၊ ဦးပိုင်အမှတ်(ခ/၁၂၇)၊ ပိုင်ဆိုင်ခွင့်B၊ ဧရိယာ(၀.၀၂၇) ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC နှစ်ထပ် ခွဲ နေအိမ်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ရှိအမည်ပေါက်ပိုင်ဆိုင်သော ဒေါ်နန်းဟေမာ(၇/တငန(နိုင်)၁၁၂၂၁၂)ထံမှ ဦးရန်ဟိန်းအောင် ၇/တငန(နိုင်)၁၆၉၁၅၈ကက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၃-၉-၂၀၂၃ရက်တွင် စရန်ငွေအဖြစ်ပေးချေ ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင် လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံး သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးရန်ဟိန်းအောင် (ဖုန်း-09-428033609 )**

## မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂) ရပ်ကွက်၊ မိဂသီ လမ်း၊ အမှတ် (၁၈၇/ခ)နေ၊ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးရွှေထွန်းနှင့် ဒေါ်အင် သီယာနီ ၁၂/ဥကတ(နိုင်)၂၀၆၀၁၀ တို့၏ တူအရင်းတော်စပ်သည့် မောင်အောင် နေလင်း ၁၂/ဥကတ(နိုင်)၂၀၆၀၀၀ ကို သားအဖြစ်ကျွေးမွေးစောင့်ရှောက် ခဲ့ပါသည်။ ၎င်းသည် လွန်ခဲ့သော (၁၈) နှစ်ခန့်ကစ၍ မိမိသဘောဖြင့် အတူ နေထိုင်နေသော နေအိမ်မှဆင်းသွားခဲ့ပြီးနောက် ကျွန်ုပ်၏ မိတ်ဆွေတို့အား အဆက်အသွယ်ပြုလုပ်ခြင်းမရှိတော့ပါ။ သီးခြားနေထိုင်ခဲ့ပါသည်။ သို့ဖြစ် သောကြောင့် ယနေ့မှစ၍ မွေးစားသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝတာဝန်ယူ ဖြေရှင်း ပေးမည်မဟုတ်ပါကြောင်း မောင်အောင်နေလင်းနှင့် အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးရွှေထွန်း-ဒေါ်အင်သီယာနီ**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝင်း (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၀၈၄)**
**အမှတ် (၁၆၂၀/က) ၊ ဦးမင်းလမ်း၊ (၄၂) ရပ်ကွက်၊**
**မ/ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း - ၀၉ - ၅၁၁၉၉၆၁၊ ၀၉ ၇၉၅၈၇၅၀၃၃**

## ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်၊ ည/ရပ်ကွက်၊ ဧရာ(၇)လမ်း၊ အမှတ်( ၅၆) အောင်သပြေကိုယ်ပိုင် အထက်တန်းကျောင်း Grade(4)မှ မောင်သက်ညီကျော်၏ ဖခင် အမည်မှန်မှာ ဦးစန်းဝင်းနိုင် ၁၂/ ဥကမ(နိုင်) ၂၅၀၆၄၂ ဖြစ်ပါ ကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုဏ္ဏားကျွန်းမြို့နယ်၊ ယိုးငူ ကျေးရွာနေ ဦးဦးခင်မောင်၏ သမီး ၂၀၂၁-၂၀၂၂ တက္ကသိုလ်ဝင်တန်း အောင် ဒဃ(၂၁၇၆)ဖြင့် အောင်မြင် ခဲ့သူ မမြင့်မြင့်ဌေး(ခ) မမြတ်မြတ်ဌေး ၁၁/ပဏတ(နိုင်) ၁၂၁၈၉၀မှာတစ်ဦး တည်းဖြစ်ပါကြောင်း။

**မမြင့်မြင့်ဌေး(ခ)မမြတ်မြတ်ဌေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/8235, Suzuki Carryi DA63T ယာဉ် လက်ဝယ်ရှိသူ ဒေါ်တင်ရီ ၉/ ဝတန(နိုင်) ၀၂၄၄၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့် ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4K/6863 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုး ၁၀/မလမ(နိုင်)၁၇၇၀၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၇၀၁၆ ယာဉ်လက်ဝယ်ရှိသူ ဦးလှမျိုး ကျော် ၁၀/သဖရ(နိုင်)၀၉၅၈၅၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူ ကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

အမှတ်(၄)၊ စက်တင်ဘာလ၊ ၂၀၂၃၊ တန်ဖိုး-၈၀၀ ကျပ်

English for Students

ကြေးမုံသတင်းစာတွင် အထူးကဏ္ဍအဖြစ် ဖော်ပြပါရှိသော

SUPPLEMENT လေ့လာစရာ အင်္ဂလိပ်စာ

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၏ စနစ်သစ် အခြေခံပညာသင်ရိုးညွှန်းတမ်း စာမေးပွဲမေးခွန်းပုံစံနှင့်အညီ ပြုစုထားသည်။

Grade-5 မှ Grade-12 အထိ တန်းစဉ်ထွက်ပြီ။

Ph : 018-387961, 018-376442, 09 269006353, 09 981163924

ဖြန့်ချိရေး

ရန်ကုန် - ဒေါ်ဗိဗိလှိုင် (မိုးကျော်စာပေ)
ဖုန်း-၀၉ ၅၀၈၉၈၈၃၊ ၀၉ ၄၄၃၂၄၅၂၅၇
၀၉ ၄၂၃၇၁၈၆၀၀

နေပြည်တော် - ဒေါ်မျိုးမျိုးဝင်း (ဝင်းစာပေ)
ဖုန်း-၀၉ ၂၅၀၇၉၈၂၂၃၊ ၀၉ ၆၆၂၃၀၄၉၄၇

မန္တလေး - ဒေါ်ဗိဗိလွင် (ရောင်စဉ်စာပေ)
ဖုန်း-၀၉ ၄၄၄ ၁၀၅၉၅၉၊ ၀၉ ၄၄၄၁၀၆၉၆၉

သတင်းစာကိုယ်စားလှယ်နှင့် ရောဝတီ
ဒေါ်နွံ့နွံ့ရီ (မြင့်ဦးစာပေ)
ဖုန်း-၀၉ ၅၀၈၈၉၂၅၊ ၀၉ ၂၆၃၃၇၆၀၃၀

ကိုယ်ပိုင်ကျောင်းများအတွက် အထူးအစီအစဉ်ရှိသည်။ ကိုယ်စားလှယ်ယူလိုသူများဆက်သွယ်ပါ။

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁) Grade-12မှ မအိအိဖုန်းကျော်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအုံးလှိုင် ၉/မလန(နိုင်)၀၁၂၁၆၇ ဖြစ်ပါကြောင်း။

ဦးအုံးလှိုင်

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက(၁) Grade-12မှ မောင်ကျော်နိုင်ဌေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်ဆန်းလင်း ၈/ခမန (နိုင်) ၁၆၂၅၅၇ ဖြစ်ပါကြောင်း။

ဦးအောင်ဆန်းလင်း

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊မာဃလမ်း၊ မြေကွက်အမှတ် (၉၂၂/က)ဟုခေါ်တွင်သော မြေအလျားxအနံ(၂၀x၆၀)ပေရှိမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏မြို့မြေစာရင်းတွင် မြေချပါမစ်မူရင်း အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြရင် ၁၂/လကန(နိုင်)၁၃၀၁၇၅ ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ရွှေ(SBM- 141115) ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဒေါ်ငြိမ်းသဥ္ဇာအောင် ၁၁/မအန(နိုင်)၀၆၄၅၆၄ နှင့် ဒေါ်နှင်းဝေဖြိုး ၁၂/မဂဒ(နိုင်)၁၇၀၉၃၀ တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန် ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ် စာချုပ်စာတမ်းမူရင်းများနှင့် တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၄၅၀၀၃၅၀၇၀

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၁၄/၃)ရပ်ကွက်၊ တတိုင်းမွေးလမ်း၊ အမှတ်(၇၈/၂)၊ RC(၂)ခန်းတွဲ RC(၆)ထပ်တိုက်၏ဒုတိယထပ် (၃လွှာ) (တိုက်ကိုမျက်နှာမူလျှင်လက်ယာဘက်ခြမ်းအခန်း)၊ ဧရိယာ ၇၅၆စတုရန်းပေရှိ တိုက်ခန်း နှင့်၎င်းတိုက်ခန်းရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည့်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်တင်မြတ်ခိုင် ၁၀/မလမ(နိုင်)၀၀၀၅၆၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးဝေမျှကျော် ၉/အမရ(နိုင်)၁၃၄၂၇၀၊ ဒေါ်အေးသန္တာဝင်း၉/အမရ(နိုင်)၁၂၆၀၂၆တို့က အပြီး အပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ် အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ် ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဝေမျှကျော် ၊ဒေါ် အေးသန္တာဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်သူဇာကျော်
LL.B.D.B.L,D.I.L,D.I.P.L, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)
အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ကြယ်စင်မြို့တော်၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၅၆၀၂၂၉၀

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်တောင်ရပ်ကွက်၊ ကျိုက်လတ်လမ်း၊ အမှတ်(၃၈)ဟုခေါ်တွင်သော ၂ ထပ်တိုက်၊ (၄)ခန်းတွဲအဆောက်အအုံမှခြေရင်းခန်း၊ ပထမထပ် (၁)လွှာ အကျယ်အဝန်း (၁၂ ၁/၂ ပေ x ၅၀ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန္တာလင်း ၈/ပခက (နိုင်)၁၆၂၆၃၂ မှ ကာလတန်ဖိုးနှင့်အညီ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီဝင်း ၇/သနပ (နိုင်) ၀၆၁၇၀၉ က ဝယ်ယူမည် ဖြစ်ပါ၍ အရောင်း အဝယ်ပြုလုပ်သည့်တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှု စာချုပ်စာတမ်း၊စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိဖြိုးပိုင် အထက်တန်းရှေ့နေ (စဉ်-၅၃၅၉၃)
တိုက်အမှတ်(၂၉)၊ပထမထပ်၊ (၇)လမ်း၊(၃/ခ)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်မြို့ ဖုန်း-၀၉-၈၉၁၁၈၇၅၄၁၊ ၀၉-၇၉၇၇၅၃၀၇၉

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂)

ဖျာပုံခရိုင်တရားရုံးတော်၌

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၅ နှင့် ဆက်နွှယ်သည့်

၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၂၄

ဒေါ်ရွှေဝါ နှင့် ဦးဝင်းခိုင်
တရားနိုင် တရားရှုံး

ဘိုကလေးမြို့နယ်၊ ဗျူးစခန်းကျေးရွာနေ ဦးဝင်းခိုင်(ဘ)ဦးခင်ဌေး (ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ် ၂၅ တွင် ရရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် (၁၃၈၅ ခုနှစ်၊ တော်တလင်းလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇင်မာဦး)
ဒုတိယခရိုင်တရားသူကြီး
ဖျာပုံခရိုင်တရားရုံး

## ပြောင်းလဲခေါ်ပါရန်

ဗန်းမော်မြို့၊ ဟန်းတဲရပ်ကွက် (ဟတ-၂၁၈)နေ ဦးသိန်းဇော် ၁/ဗမန (နိုင်) ၀၅၈၅၅၇ နှင့် ဒေါ်သန္တာအောင် ၁/ဗမန(နိုင်) ၀၈၄၀၁၉တို့၏ သားနှင့်သမီးများဖြစ်ကြသော အထက(၁) Grade-8(D)မှ မောင်ဖုန်းမြတ်မောင်အား မောင်ဘုန်းမြတ်မင်းဟုလည်းကောင်း၊ Grade-4(B)မှ မအေးသဥ္ဇာဝင်းအား မအေးသဥ္ဇာမြင့်ဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ တိုက်အမှတ် (၃၉/က)၊ မြေညီ(B-1) တိုက်ခန်းမှာ မြေရှင်ဖြစ်သူ ဒေါ်ခင်သန်း ၁၂/လမန(နိုင်) ၁၀၀၆၅၅ ကပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ပြီး ဒေါ်ခင်သန်းသည် ၂၀-၁-၂၀၁၅ တွင်ကွယ်လွန်သွားရာ ၎င်း၏ကျန်ရစ်သူသားသမီးများဖြစ်သော ဦးကျော်ညွှန့် ၁၂/လမန(နိုင်)၀၅၅၈၅၅၊ ဦးဇော်ဝင်း၁၂/လမန(နိုင်)၁၀၀၆၆၁၊ ဒေါ်မို့မို့လှိုင် ၁၂/လမန(နိုင်)၁၀၀၆၆၃၊ ဦးလှမြင့်(၁၂/လမန(နိုင်)၀၆၄၆၇၈ နှင့် ဦးကံညွှန့် (ကွယ်လွန်)၏သမီးဒေါ်မီမီခိုင်(၁၂/လမန(နိုင်) ၁၀၀၆၆၅)တို့က ဆက်ခံပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူထံ ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစိတ်တဒေသ ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့်အဆိုပါအခန်းအား ပိုင်ဆိုင်ကြောင်း သို့တည်းမဟုတ် တစ်နည်းနည်းဖြင့်သက်ဆိုင်သည်ဟု အဆိုရှိသူမည်သူ မဆို ကျွန်ုပ်ထံသို့ခိုင်လုံသောအထောက်အထားများနှင့် (၂)ပတ်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်ငွေချေ၍ တိုက်ခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာမြင့်(စဉ်-၈၅၀၂) တရားလွှတ်တော်ရှေ့နေ
တိုက်(၃)၊အခန်း(၁၈)၊ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ်ချင်းရပ်ကွက်၊
ဗဟန်းမြို့ နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၆၃၄၆၂၄၂၅၊ ၀၉-၇၉၉၈၈၇၉၁၁

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ (ရ)လမ်း၊ အမှတ် -၂၃၉၊ ဟုခေါ်တွင်သော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ခေါင်းရင်းဘက်အခြမ်းဖြစ်သော (၁၁ ⁹/၂ ပေ x ၅၀ပေ) အကျယ်အဝန်းရှိ (၃)ထပ် (၃-လွှာ) တိုက်ခန်းအား ဒေါ်ဇာဇာအောင် ၅/ပလန(နိုင်)၀၆၆၈၃၇ က ပိုင်ဆိုင်ပြီး ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်မင်းထက် ၈/သရန(နိုင်) ၀၇၁၃၅၀ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက် ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဦးစိုးဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၈၀/၁၀)
တိုက် (၉/၁၁)၊ အခန်း (၁၀၂/E)၊ ပထမထပ်၊ (၃၆) လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း- ၀၉-၄၄၃၀၅၃၃၂၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ ယသသဝတီလမ်း၊ မြေကွက်အမှတ်(၁၁၄၀)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော၊ တိုက်အမှတ်(၁၁၄၀)ဟုခေါ်တွင်သော (၂)ခန်းတွဲ(၆)ထပ်တိုက်၏(၄-လွှာ/ဘီ)(ပဉ္စမထပ်)(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၄ပေ× ၅၄ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်ဆွေ(၉/ညဥန(နိုင်)၁၁၀၆၂၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မျိုးနိုင်
LL.B, D.B.L,
